Premier ELEVEN
SPORTS JOURNAL
NO 2 VOL 113 … 8 2013

# ပိုမိုနက်ရှိုင်းပြီး ပိုမိုကျယ်ပြန့်လာတဲ့ ကမ္ဘာ့ဘောလုံးစီးပွားရေး



ကမ္ဘာ့ဘောလုံးလောကက ဘယ်တုန်းကမှအခုလောက် မကျော်ကြားခဲ့ဖူးဘူး။ မနက်ရှိုင်းခဲ့ဖူးဘူး။ မကျယ်ပြန့်ခဲ့ဖူးဘူး။ မချမ်းသာခဲ့ဖူးပါဘူး။ ဒီနေ့ဘောလုံးကမ္ဘာမှာ ကိန်းဂဏန်းတွေက ကြောက်ခမန်းလိလိ ပေါက်ကွဲထွက်လာပါတယ်။ ကစားသမားခေါ်ယူမှု၊ ရောင်းချမှု၊ လစာနှုန်းထား၊ အသင်းပိုင်ရှင်တွေရဲ့ ချမ်းသာကြွယ်ဝမှု၊ အသင်းတွေရဲ့တန်ဖိုး၊ အစစအရာရာက တစ်ဟုန်ထိုးတိုးတက်နေပါတယ်။ စဉ်းစားကြည့်ရင် ကမ္ဘာ့နယ်ပယ်အသီးသီးက စီးပွားရေးလုပ်ငန်းတွေ ထိုင်းမှိုင်းနေတယ်။ အရှိန်အဟုန်ကင်းမဲ့နေတယ်။ ဘောလုံးက တစ်ကမ္ဘာလုံးနဲ့ ပြောင်းပြန်အချိုးကျသလိုဖြစ်နေတယ်။ အမေရိကန်မှာ ဘဏ်တွေ ပြိုလဲခဲ့တာမကြာသေးဘူး။ ဂျပန်က စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးမှုဒဏ်ကို သည်းမခံနိုင်လို့ ဝန်ကြီးချုပ်တွေ မကြာခဏပြောင်းပြီးနည်းလမ်းသစ်တွေနဲ့ ကုစားတယ်။ တရုတ်က မဟာကျော်တက်မှုလို့တင်စားခေါ်ဝေါ်တဲ့ တိုးတက်လွန်တဲ့ဒဏ်ကို သူ့ဟာ သူ မထိန်းချုပ်နိုင်တော့ဘူး။ ရုရှားက တစ်ချိန်ကကြီးစိုးခဲ့တဲ့အာကာသလမ်းကြောင်းအတွက် ငွေသုံးစွဲမှုတွေလျှော့ချပြီး ပြိုင်ဘက်အစွရေးနိုင်ငံဆီက ဒုံးပျံတွေပြန်ဝယ်နေရတယ်။ စပိန်နဲ့ အီတလီမှာ အလုပ်လက်မဲ့တွေများလာလို့ ပြဿနာပေါင်းစုံဖြေရှင်းနေရတယ်။ ဒီလိုအချိန်မှာ ဂျပန်ရဲ့အဆင့်အမြင့်ဆုံးဘောလုံးလိဂ်ဖြစ်တဲ့ဂျေလိဂ်က ကုမ္ပဏီတွေရဲ့ အထောက်အပံ့ကိုမှီခိုနေရတဲ့ဘဝကနေ အာရှအချမ်းသာဆုံးလိဂ်အဖြစ် ဥရောပဘောလုံးဈေးကွက်ကို ကစားသမားကုန်စည်စီးဆင်းမှုနဲ့ ကိုယ်ပိုင်ရပ်တည်လာတယ်။ ရုရှားမှာ အန်ဇီ၊ ဇင်းနစ်တို့လိုအသင်းတွေက ဥရောပထိပ်တန်းအသင်းကြီးတွေနဲ့ အပြိုင် ငွေကြေးသုံးစွဲလာတယ်။ အမေရိကန်ဘောလုံးကလည်း ဘက်ခမ်ဖောက်လိုက်တဲ့လမ်းကစပြီး ရုပ်သံနဲ့ စပွန်ဆာဝင်ငွေတွေအမြောက်အမြားဝင်လာတယ်။ ဥရောပဘောလုံးလောကမှာ ငွေကြေးလှိုင်းလုံးတွေနဲ့အတူ ထိပ်သီးကလပ်အသင်းတစ်သင်းရဲ့တန်ဖိုးက ဒေါ်လာ(၃)ဘီလီယံကျော်ဆိုတာတွေ ဖြစ်လာတယ်။ဂူးဂဲလ်၊မိုက်ခရိုဆော့ဖ်တို့ရဲ့တန်ကြေးနဲ့ယှဉ်ရင် ဝေးကွာနေသေးတယ်ဆိုပေမယ့် သူတို့လို ဝန်ထမ်းအင်အားသိန်းချီသုံးစရာမလိုဘူး။ ရာဂဏန်းမရှိတရှိနဲ့ ရီးယဲလ်၊ မန်ယူ၊ ဘာစီလိုနာ၊ ဘေယန်မြူးနစ်တို့က ရပ်တည်နေတယ်။ အသင်းတွေချမ်းသာလာတော့ ကစားသမားတွေရဲ့ဝင်ငွေက ပိုတိုးလာတယ်။ ကစားသမားတွေအတွက် အကျိုးခံစားခွင့်က လစာငွေတစ်ခုတည်း မဟုတ်တော့ဘူး။ လက်မှတ်ထိုးကြေး၊ ပုံရိပ်အသုံးပြုခ၊ အသင်းအပေါ်သစ္စာရှိရင် ရမယ့်ခံစားခွင့်နဲ့ အောင်မြင်မှုအပေါ်မူတည်ပြီးရမယ့် အပိုဆုကြေး။ ဒါတွေက ဘောလုံးဟာ ဘယ်နယ်ပယ်နဲ့မှမတူတဲ့ အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်နေတယ်ဆိုတာကိုပြသပါတယ်။ ဘောလုံးကို အခြားဖျော်ဖြေမှုနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်က လူတွေကလည်း မျက်စိကျလာတယ်။ အင်္ဂလန်လိုနိုင်ငံမှာဆို ဘောလုံးအကြောင်းပြချက်နဲ့ နိုင်ငံရေးသမားတွေ၊ မငြိမ်းချမ်းသေးတဲ့ အရှေ့ဥရောပကိုစွန့်ခွာလိုသူတွေခိုလှုံရာဖြစ်လာတယ်။ ရုရှားနဲ့ အရှေ့အလယ်ပိုင်းလိုဒေသကသူတွေက ရေနံကိုနောက်ခံပြုပြီး ဘောလုံးလောကထဲဝင်လာတယ်။ ဒီအထဲမှာ ငွေမည်းကို ငွေဖြူလုပ်ဖို့ ကြံစည်လာသူတွေလည်းပါတယ်။ ကမ္ဘာ့ဘောလုံးလောကရဲ့ အောင်မြင်မှုတွေကို အမှီပြုပြီး ခြစားသလို လိုက်စားလာတဲ့ လောင်းကစားပြဿနာနဲ့ လုပ်ပွဲပြဿနာတွေကလည်းတဖြည်းဖြည်းအမြစ်တွယ်လာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တာဝန်ရှိသူတွေက ဘောလုံးလောက သန့်ရှင်းစင်ကြယ်ဖို့၊ တရားမျှတမှုရှိစေဖို့ အတတ်နိုင်ဆုံးကြိုးစားနေသလို ကမ္ဘာ့လူဦးရေ(၇)ဘီလီယံရဲ့စိတ်ဝင်စားမှုအရှိဆုံးသည်းခြေကြိုက်အားကစားအဖြစ် ဘောလုံးကထိပ်ဆုံးမှာရှိနေဆဲပဲ။ ဘောလုံးအားကစားက အနုတ်လက္ခဏာဆန်တဲ့ အမှောင့်ပယောဂအချို့ ပူးကပ်နေပေမယ့် အားလုံးခြုံကြည့်ရင် အပေါင်းလက္ခဏာဘက်ကို တစ်ရှိန်ထိုးသွားနေသလို စီးပွားရေးအရလည်းပိုပြီးကြီးမားကျယ်ပြန့်နေဆဲဆိုတာ မန်ယူလိုအသင်းမျိုးက ပေါင်သန်းထောင်ချီတန်စပွန်ဆာစာချုပ်ချုပ်ဆိုတော့မယ်ဆိုတာက သက်သေတစ်ခုပါပဲ။ ဘာပဲပြောပြော ဘောလုံးစီးပွားရေးကတော့နောက်ပြန်မလှည့်စတမ်းစီးဆင်းနေတဲ့ မြစ်တစ်ခုနဲ့ အလားသဏ္ဌာန်တူနေပြီး ဘယ်လောက်ထိနက်ရှိုင်း၊ ဘယ်လောက်ထိကျယ်ပြန့်ဦးမလဲဆိုတာက ဘယ်သူမှကြိုတင်ခန့်မှန်းလို့မရတဲ့အရာတစ်ခုလို့ပဲဆိုရဦးမှာဖြစ်ပါတယ်…

DESIGN MYINT MAUNG KYAW 2010
http://www.first-11.com

# ဂွါဒီယိုလာ ကြုံးစားပုံဖော်နေတဲ့ ကိုယ်ပိုင်ဟန်

ဟိန်းမောင်မောင်

ဥရောပစူပါဖလားပြိုင်ပွဲမတိုင်မီ ချယ်လ်ဆီးနည်းပြ မော်ရင်ဟို ဂွါဒီယိုလာကို Mind Gameလုပ်ခဲ့တဲ့စကားကိုပဲပြန်ကောက်ရပါမယ်။ နည်းပြဟောင်းဂျက်ဟေးနက်စ်လက်ထက် ဘေယန်မြူးနစ်အသင်းဟာ ဥရောပအကောင်းဆုံးအသင်းဆိုတာ ခြွင်းချက်မရှိ ယုံကြည်ပေမယ့် နည်းပြသစ်၊ ကစားသမားသစ်တွေရောက်လာတဲ့ လက်ရှိအသင်းကို အကောင်းဆုံးအသင်းအဖြစ် သတ်မှတ်လို့မရသေးပါဘူးလို့ မော်ရင်ဟိုက သုံးသပ်ခဲ့တာပါ။ မော်ရင်ဟို ဆိုခဲ့သလိုပဲ ဂွါဒီယိုလာရဲ့ တာထွက်ခရီးက သိပ်တော့မလှပခဲ့ပါဘူး။ ရာသီအဖွင့် ဂျာမန်စူပါဖလားမှာ ဒေါ့မွန်ကို ရှုံးခဲ့ပြီး ဘွန်ဒစ်လီဂါမှာလည်း (၃)ပွဲနိုင်၊ (၁)ပွဲသရေရလဒ်ပိုင်းက အရမ်းမဆိုးရွားလှပေမယ့် ဖလား (၃)လုံးလောင်းရိပ်ကြောင့် ဂွါဒီယိုလာအတွက် ဝေဖန်မှုတွေက မလွတ်ခဲ့ပါဘူး။ ဥရောပစူပါဖလားကိုတော့ ပယ်နယ်တီအဆုံးအဖြတ်နဲ့ ခက်ခက်ခဲခဲယူပြခဲ့ပေမယ့် ဂွါဒီယိုလာကို မျက်စိဒေါက်ထောက်ကြည့်နေမှုတွေက လျော့နည်းမသွားခဲ့ပါဘူး။ အပြင်ပန်းကြည့်ရင်တော့ ယမန်နှစ်ရာသီမှာ အောင်မြင်မှုစံချိန်တင်ခဲ့တဲ့ ဘေယန်မြူးနစ်နဲ့ ဘာစီလိုနာမှာ ဆုဖလားပေါင်းများစွာရယူခဲ့တဲ့ ဂွါဒီယိုလာတို့ရဲ့ပေါင်းထုပ်မှုကတော့ အသင်းကိုပိုပြီးပြည့်စုံသွားစေတယ်လို့ ထင်မှတ်ချင်စရာပါ။ ဒါပေမဲ့ မတူညီတဲ့ပတ်ဝန်းကျင်၊ ကစားဟန်တွေနဲ့ လျှောက်လှမ်းနေတဲ့ အသင်းနှစ်သင်းဖြစ်လို့ ဂွါဒီယိုလာတစ်ယောက် ချက်ချင်းအထိုင်ကျဖို့က သိပ်မလွယ်လှပါဘူး။ ဂျက်ဟေးနက်စ်ရဲ့ ပင်ကိုယ်စတိုင် ၄-၂-၃-၁ ကစားကွက်ကနေ ဂွါဒီယိုလာ ဒီအတိုင်းပဲဆက်သွားမလား၊ နည်းဗျူဟာသစ်တွေနဲ့ အသင်းကိုပုံဖော်မလားဆိုတာ ဘေယန်မြူးနစ်ကို စရောက်ရောက်ချင်းမှာပဲ အဓိကခေါင်းခဲရတဲ့ပြဿနာပါပဲ။

## ဂျာမန်မြေဆီ

ယခင်ဘာစီလိုနာ(ခ)အသင်းနဲ့ပဲ အတွေ့အကြုံရှိခဲ့တဲ့ ဂွါဒီယိုလာ ဘာစီလိုနာအသင်းကို စတင်ကိုင်တွယ်ခဲ့တာ ၂၀၀၈ ခုနှစ်ကပါ။ ဟော်လန်နည်းပြ ရီကတ် ချန်ထားရစ်ခဲ့တဲ့အသားကျပြီးသားအသင်းတစ်သင်းကို ကိုယ်တွယ်ရတာဖြစ်လို့ ဂွါဒီယိုလာ အခက်အခဲသိပ်မရှိခဲ့ပါဘူး။ ရီကတ်တစ်ယောက် ဘာစီလိုနာမှာဇာတ်သိမ်းမလှဖြစ်သွားခဲ့တာက အွန်နရီ၊ မက်ဆီ၊ ရော်နယ်လ်ဒင်ဟို၊ အီတူးစတဲ့ ကမ္ဘာ့ထိပ်တန်းကစားသမားတွေကို ဟန်ချက်ညီအောင် မလုပ်ဆောင်နိုင်ခဲ့တာပါ။ ဂွါဒီယိုလာရောက်လာတော့ ဘာစီလိုနာမှာ ဒီပြဿနာမရှိတော့ပါဘူး။ အသင်းရဲ့အောင်မြင်မှုသော့ချက်ဖြစ်ခဲ့တဲ့ ရော်နယ်လ်ဒင်ဟိုကို အေစီမီလန်ကို ရောင်းထုတ်ခဲ့လို့ အခက်အခဲကဖြေရှင်းပြီးသားဖြစ်ခဲ့ပါတယ်။ အသက်အရွယ်ကြောင့်အပြင် အသင်းကစားကွက်နဲ့ သွေဖယ်လာခဲ့တဲ့ အွန်နရီကိုခေါက်ခဲ့ပြီး အင်နီယေစတာ ရှေ့တက်ကစားခိုင်းခဲ့တဲ့အချိန်မှာ ဂွါဒီယိုလာအဖို့ ဘာစီလိုနာအသင်းမှာ Tiki-taka နဲ့ ခေတ်သစ်တစ်ခေတ် စတင်သန္ဓေတည်ခဲ့တာပါ။ ဘာစီလိုနာနဲ့ အောင်မြင်မှုဆုဖလားတွေ ဆက်တိုက်ရရှိနေချိန်၊ ပုဂ္ဂလိကမှတ်တိုင်သစ်တွေ စိုက်ထူနိုင်နေချိန်မှာတောင် ဂွါဒီယိုလာက ဝေဖန်သူတချို့ရဲ့ လောင်းရိပ်အောက်က မလွတ်ကင်းခဲ့ပါဘူး။ ဝေဖန်သူတွေက ဘာစီလိုနာဟာ ကစားသမားတွေရဲ့ စွမ်းဆောင်မှုကပဲ အဓိကကျပြီး နည်းပြရဲ့အခန်းကဏ္ဍနည်းပါးတယ်ဆိုတဲ့အချက်ကိုပဲထောက်ပြခဲ့တာပါ။ ဒီဝေဖန်မှုတွေကပဲ ဂွါဒီယိုလာအဖို့ ဘောလုံးလောကမှာ မှတ်တိုင်စိုက်ထူနိုင်ဖို့ ဘာစီလိုနာအသင်းကို စွန့်ခွာခဲ့ခြင်းရဲ့ အဓိကအကြောင်းအရင်းလည်း ဖြစ်ခဲ့ပါတယ်။ နယ်မြေသစ်အတွက် ပရီးမီးယားလိဂ်လောက် ဘွန်ဒစ်လီဂါက ပြိုင်ဆိုင်မှု မပြင်းထန်တဲ့အပြင် ဘေယန်မြူးနစ်ရဲ့အနေအထားကလည်း ပြည်တွင်းမှာ ပြိုင်ဘက်အသင်းတွေထက် ခေါင်းတစ်လုံးသာနေတာက သူ့ရဲ့ Image ကိုဆက်ထိန်းထားနိုင်ဖို့ ပိုအခွင့်အလမ်းကောင်းမယ်လို့ ဂွါဒီယိုလာတွက်ဆခဲ့ပုံရပါတယ်။ ဒါပေမဲ့ ဂျက်ဟေးနက်စ်က အသင်းနဲ့ လမ်းခွဲမှာ စံချိန်မှတ်တမ်းသစ်(၃၀)ခုကျော်နဲ့ ဖလား(၃)လုံးရအသင်းတစ်သင်းကို လက်ထဲထည့်ခဲ့လေတော့ ဂွါဒီယိုလာအဖို့ မျှော်လင့်ထားတဲ့လမ်းကြောင်းနဲ့ များစွာခြားနားခဲ့ပြီး ဘောလုံးလောကတစ်ခုလုံးကပါ ဂွါဒီယိုလာနဲ့ အသင်းသစ်ရဲ့ ရက်စွဲတွေကိုတော့ မျက်ခြေမပြတ်စောင့်ကြည့်စရာဖြစ်ခဲ့ပါတယ်။

## ဂွါဒီယိုလာရဲ့ ပုံစံသစ်

Tiki-taka ကစားဟန်ဟာ ဘာစီလိုနာအသင်းမှာ ဟော်လန်နည်းပြတွေဖြစ်တဲ့ ဂျိုဟန်ခရိုက်ဖ်၊ လူးဝစ်ဗန်ဟားလ်၊ ဖရန့်ရီကတ်တို့ ခေတ်အဆက်ဆက်ဆင့်ကဲပြောင်းလဲခဲ့ပြီး မက်ဆီ၊ ဇာဗီ၊ အင်နီယေစတာတို့လို နည်းစနစ်ပိုင်းကျွမ်းကျင်မှုရှိတဲ့မျိုးဆက်တစ်ခုနဲ့ပေါင်းစပ်လိုက်တဲ့အခါမှာတော့ Tiki-taka ကစားဟန်က ကမ္ဘာကျော်ခဲ့ပြီး ဂွါဒီယိုလာကလည်း ဘာစီလိုနာမှာ ခေတ်တစ်ခေတ်တည်ဆောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ချခင်းပြီးသားလမ်းကြောင်းဟောင်းပေါ်မှာ ပြင်ဆင်မွမ်းမံမှုတွေနဲ့ပဲ လျှောက်လှမ်းခဲ့တဲ့ ဂွါဒီယိုလာလို ထိပ်တန်းနည်းပြတစ်ယောက်အဖို့ ကိုယ်ပိုင်ဘောလုံးဒဿန၊ ကိုယ်ပိုင်ဟန်မရှိတာကလည်း အများလက်ညှိုးထိုးချင်စရာအချက်ဖြစ်နေတာပါ။ ဖာဂူဆန်၊ အာစင်ဝင်းဂါ၊ မော်ရင်ဟိုတို့လို နည်းပြအကျော်အမော်တွေ ဘောလုံးလောကထဲရပ်တည်ခဲ့တာတွေကို ဂွါဒီယိုလာ သတိမမူဘဲမနေပါဘူး။ ဘာစီလိုနာမှာ Tiki-taka နဲ့ အအောင်မြင်ဆုံးဖြစ်နေတဲ့ကာလမှာတောင် အသင်းကို 3 Backs ကစားကွက်ကိုစမ်းသုံးခဲ့ပြီး သိပ်အလုပ်မဖြစ်လို့ ဂွါဒီယိုလာလက်လျှော့ခဲ့ရတာပါ။ အခုဘေယန်အသင်းမှာ ဂျက်ဟေးနက်စ်လက်ထက်အမြင့်ဆုံးအောင်မြင်မှုရခဲ့တာက ၄-၂-၃-၁ ပုံစံပါ။ဒီအထိုင်ကျပြီးသားကစားကွက်ကိုပဲ အနည်းငယ်ပြင်ဆင်မှုလုပ်ဖို့ပဲရှိတယ်လို့ အားလုံးသုံးသပ်ချိန်မှာ ဂွါဒီယိုလာချခင်းတာက ဘာစီလိုနာမှာတောင် မသုံးခဲ့ဖူးတဲ့ ၄-၄-၁-၁ ကစားကွက်ပါ။

ပြီးခဲ့တဲ့ရာသီက Defensive Midfielder နှစ်ဦးထားကစားတဲ့ ဘေယန်ကွင်းလယ်မှာ ဂွါဒီယိုလာက တိုက်စစ်နဲ့ပိုချိတ်ဆက်နိုင်ဖို့ Deep-lying Playmaker တစ်ဦးထားကစားခဲ့တာပဲဖြစ်ပါတယ်။ ဒီနေရာမှာ သီယာဂိုအပြင် စတိုင်ဂါ၊ ကရူးစ်တို့ကလည်းအံဝင်နိုင်တဲ့ကစားပေါက်မျိုးရှိပြီး ဂွါဒီယိုလာကအသစ်ခေါ်ထားတဲ့ဂေါ့ဇီကိုတော့ False Nine ပုံစံထားသုံးဖို့ရှိပါတယ်။ လတ်တလောမှာ မန်ဇူကစ်ကို အထောင်တိုက်စစ်မှူးနေရာမှာ ဆက်သုံးနေပေမယ့် ဒီပုံစံက ဂွါဒီယိုလာစိတ်ကြိုက်မဟုတ်ပါဘူး။ အီဘရာဟီမိုဗစ်၊ ဒေးဗစ်ဗီလာတို့လို ကမ္ဘာ့အဆင့်တိုက်စစ်မှူးတွေတောင် အခန်းကဏ္ဍမရှိဖြစ်ခဲ့ပြီး မက်ဆီကို တိုက်စစ်မှာ Free Role ကစားစေခဲ့သလိုမျိုး အခုဘေယန်မှာ ဂေါ့ဇီ၊ မူလာတို့နဲ့ ဂွါဒီယိုလာစိတ်ကူးနေပုံရပါတယ်။ မက်ဆီရဲ့ဘောလုံးအမြင်၊ ကျွမ်းကျင်မှု၊ အဆုံးသတ်သေချာမှုတွေကို ဂွါဒီယိုလာအနေနဲ့ ဂေါ့ဇီ၊ မူလာတို့ဆီကရဖို့မရှိပါဘူး။ ဒါပေမဲ့ လက်ရှိဘေယန် အသင်းပွဲတွေမှာတော့ Tiki-taka ရဲ့ အနှစ်သာရဖြစ်တဲ့ ဘောလုံးကိုကိုင်ထားပြီး ပြိုင်ဘက်ကို တရစပ်ဖိအားပေးတဲ့အငွေ့အသက်တွေ ရှိနေပါတယ်။ ပျမ်းမျှဘောလုံးပိုင်ဆိုင်မှုကလည်း ဂျက်ဟေးနက်စ်ရဲ့အသင်းထက်တောင် စွမ်းဆောင်မှုပိုကောင်းနေပါတယ်။ တိုက်စစ်ကလည်း ပြီးခဲ့တဲ့ရာသီကထက် ပိုဖိအားပေးနိုင်ခဲ့ပြီး ပြဿနာက အဆုံးသတ်ပိုင်းအားနည်းမှုတွေအပြင် တန်ပြန်တိုက်စစ်ကောင်းတဲ့အသင်းတွေနဲ့ဆိုရင်ကွင်းလယ်အဖျက်ပိုင်းက ဟာကွက်တွေများလို့ ခံစစ်ပိုင်းဖရိုဖရဲဖြစ်နေတာတွေ ဂွါဒီယိုလာ ကုစားရမှာပါ။ အောင်မြင်မှုကိုတချို့က ကိုယ်ပိုင်အရည်အသွေးထက်ကံကောင်းခြင်းကြောင့်ရတတ်ပြီး ဂွါဒီယိုလာမှာလည်း ဘာစီလိုနာမှာရရှိခဲ့တဲ့အောင်မြင်မှုတွေက အရည်အချင်းထက်ကံကြမ္မာကောင်းကြောင့်ရရှိခဲ့တယ်လို့ လက်ခံသူပိုများပါတယ်။ (၄၂)နှစ်သာရှိသေးတဲ့ နည်းပြတစ်ယောက်အဖို့ လျှောက်လှမ်းရမယ့်ခရီးလမ်းကများစွာကျန်ရှိသေးပြီး ဘာစီလိုနာမှာရရှိတဲ့အောင်မြင်မှုတွေထက် ပိုတောက်ပြောင်တဲ့မှတ်တိုင်တစ်ခုကိုကိုယ်ပိုင်ဟန်နဲ့တည်ဆောက်သွားနိုင်ဖို့အချိန်နဲ့အခွင့်အလမ်းတွေရှိနေသေးတာ သေချာပါတယ်။



## ဂျက်ဟေးနက်စ်နှင့် ဂွါဒီယိုလာကြား နှိုင်းယှဉ်ချက်

| ၂၀၁၂-၁၃ | ၂၀၁၃-၁၄ |
|---|---|
| - ဂျက်ဟေးနက်စ်လက်ထက် နောက်တန်း (၄) ယောက်၏ရှေ့တွင် စတိုင်ဂါ၊ ဂျာဗီမာတီနက်ဇ် Holding Midfielder နှစ်ဦးထားသည့် ၄-၂-၃-၁ ပုံစံကစားခဲ့။<br>- ရာသီအစ(၄)ပွဲတွင် (၄)ပွဲစလုံးအနိုင်ရပြီး သွင်းဂိုး(၁၄)ဂိုးရခဲ့ကာ ပျမ်းမျှဂိုးကန်သွင်းချက် (၅.၅) ကြိမ်လျှင် သွင်းဂိုး(၁)ဂိုးရရှိခဲ့။<br>- ပွဲစဉ်(၄)အပြီးတွင် ဘောလုံးပေးပို့မှု (၂၀၇၆) ကြိမ်ရှိခဲ့ပြီး ပျမ်းမျှဘောလုံးပိုင်ဆိုင်မှု (၅၉%) ရရှိခဲ့။ | - ဂွါဒီယိုလာ၏ ၄-၄-၁-၁ ကစားကွက်တွင် Deep-lying Playmaker တစ်ဦးသာထားသည့်ပုံစံမျိုး သုံးစွဲလျက်ရှိ။<br>- ဂွါဒီယိုလာလက်ထက်တွင် ယမန်နှစ်ရာသီ ဂိုးသွင်းခွင့် (၇၁)ကြိမ်ထက်များပြားကာ (၈၄)ကြိမ် အထိရရှိခဲ့သော်လည်း ပျမ်းမျှဂိုးကန်သွင်းချက် (၁၀)ကြိမ်လျှင် (၁)ကြိမ်သာဂိုးဝင်ခဲ့။<br>= ယခုနှစ်ရာသီတွင် ဘောလုံးပေးပို့မှု (၂၄၁၁) ကြိမ်ရှိခဲ့ပြီး ပျမ်းမျှဘောလုံးပိုင်ဆိုင်မှု(၆၇%)ရှိကာ ယမန်နှစ်ကထက် (၈%)ပိုမိုခဲ့ |

Premier Eleven Sports Journal Vol:11 No.3 15, September, 2013

SERIE A

SERIE-A WEEK 3

စီးရီးအေပွဲစဉ်(၂)အပြီးမှာ ဂျူဗင်တပ်စ်၊ အင်တာမီလန်၊ နာပိုလီ၊ ဖီအိုရင်တီးနား၊ ရိုးမားစတဲ့အသင်းကြီးတွေ ရာနှုန်းပြည့်အနိုင်နဲ့အတူ ခရီးဆက်နေကြပါတယ်။ ဒါပေမဲ့ ဒီအနေအထားက ဒီတစ်ပတ်ပွဲစဉ်(၃)မှာတော့ ရပ်တန့်သွားဖို့များနေပါတယ်။ အင်တာမီလန်-ဂျူဗင်တပ်စ်တို့ ထိပ်တိုက်ရင်ဆိုင်ကြဖို့ရှိနေသလို၊ ပါးမားကွင်းမှာ ကစားရမယ့် ရိုးမားလည်း ရှန်းကန်ရဖို့ရှိနေပြီး (၃)ပွဲဆက်အနိုင်ရမယ့်အသင်းအဖြစ် အိမ်ကွင်းမှာကစားရမယ့် ဖီအိုရင်တီးနား၊ နာပိုလီတို့သာ အခွင့်အရေးများနေတာ အမှန်ပါ။ ပြီးခဲ့တဲ့ပွဲစဉ်(၂)မှာ အံ့အားသင့်စရာဂိုးတွေများခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဂိုးများမယ့်ပွဲအများစုကို မြင်တွေ့ရဖို့ခက်ပါတယ်။

# အင်တာနဲ့ဂျူဗီဘယ်အသင်းနိုင်ပွဲပျောက်မလဲ

## စီးရီးအေပွဲစဉ်(၄)

၂၁/၂၂/-၉-၂၀၁၃

| | | |
|---|---|---|
| ကာဂလီယာရီ | - | ဆမ်ဒိုးရီးယား |
| ချီယေဗို | - | အူဒီးနီးစ် |
| ဂျီနိုအာ | - | လီဗော်နို |
| ဆာဆူအိုလို | - | အင်တာမီလန် |
| အတ္တလန်တာ | - | ဖီအိုရင်တီးနား |
| ဘိုလော့ဂ်နာ | - | တိုရီနို |
| ကာတာနီယာ | - | ပါးမား |
| ဂျူဗင်တပ်စ် | - | ဗီရိုနာ |
| ရိုးမား | - | လာဇီယို |
| အေစီမီလန် | - | နာပိုလီ |



Photo:AFP

အင်တာမီလန်နှင့်ဂျူဗင်တပ်စ်တို့ ယမန်နှစ်ဘောလုံးရာသီကဆုံတွေ့ခဲ့စဉ်

## နာပိုလီ နှင့် အတ္တလန်တာ

| နာပိုလီ | နောက်ဆုံး(၅)ပွဲ | | အတ္တလန်တာ | | |
|---|---|---|---|---|---|
| ပေါ်တို | **L**(N) | (3-1) | ဖီရယ်လ်ပီ | **W**(H) | (4-0) |
| ဘင်ဖီကာ | **W**(H) | (2-1) | ရီနာတီ | **W**(H) | (1-0) |
| စီဆီနာ | **L**(A) | (0-1) | ဘာရီ | **W**(H) | (3-0) |
| ဘိုလော့ဂ်နာ | **W**(H) | (3-0) | ကာဂလီယာရီ | **L**(A) | (1-2) |
| ချီယေဗို | **W**(A) | (4-2) | တိုရီနို | **W**(H) | (2-0) |

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | နာပိုလီ | ၂-၀ | အတ္တလန်တာ |
| ၂၀၁၁-၁၂ | နာပိုလီ | ၁-၃ | အတ္တလန်တာ |
| ၂၀၁၂-၁၃ | နာပိုလီ | ၃-၂ | အတ္တလန်တာ |

ချန်ပီယံဖလားကို စိန်ခေါ်နေတဲ့ နာပိုလီအသင်းက ရာသီအဖွင့်(၂)ပွဲဆက်အနိုင်ကစားထားပါတယ်။ အတ္တလန်တာကလည်း ကစားပုံသိပ်မညံ့တဲ့အသင်းဖြစ်ပြီး၊ စုဖွဲ့ပုံလည်းကောင်းပါတယ်။ ဒီပွဲက နာပိုလီအိမ်ကွင်းမှာဖြစ်လို့ အတ္တလန်တာမလွယ်ပါဘူး။ ဒါပေမဲ့ အဝေးကွင်းမှာကစားနေကျပုံစံအတိုင်းခံကစားဦးမှာဖြစ်ပြီး နာပိုလီကိုအခက်တွေ့စေမှာပါ။ နာပိုလီဂိုးမပြတ်ပဲနိုင်ပါလိမ့်မယ်။

## တိုရီနို နှင့် အေစီမီလန်

| တိုရီနို | နောက်ဆုံး(၅)ပွဲ | | အေစီမီလန် | | |
|---|---|---|---|---|---|
| ကာတာနီယာ | **D**(H) | (2-2) | LAဂလက်ဆီ | **W**(A) | (2-0) |
| အန်တယ်လာ | **W**(H) | (2-0) | PSV | **D**(A) | (1-1) |
| ပက်စ်ကာရာ | **L**(H) | (1-2) | ဗီရိုနာ | **L**(A) | (1-2) |
| ဆာဆူအိုလို | **W**(H) | (2-0) | PSV | **W**(H) | (3-0) |
| အတ္တလန်တာ | **L**(A) | (0-2) | ကာဂလီယာရီ | **W**(H) | (3-1) |

၂၀၀၆ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၇-၀၈ | တိုရီနို | ၀-၁ | အေစီမီလန် |
| ၂၀၀၈-၀၉ | တိုရီနို | ၂-၂ | အေစီမီလန် |
| ၂၀၁၂-၁၃ | တိုရီနို | ၂-၄ | အေစီမီလန် |

အေစီမီလန်က ကာကာရောက်လာတာကြောင့် အင်အားပိုတောင့်သွားပါတယ်။ ကာကာ-ဘာလိုတယ်လီအတွဲကို စောင့်ကြည့်ရမှာဖြစ်ပြီး အယ်လ်ရှာရာဝီလည်းရှိနေပါတယ်။ ရာသီအဖွင့်ပွဲတုန်းက ဗီရိုနာကို စိတ်ပျက်စရာခြေစွမ်းနဲ့ရှုံးနိမ့်ခဲ့ပေမဲ့ ချန်ပီယံလိဂ်နဲ့ ကာဂလီယာရီပွဲစဉ်တွေမှာ ပုံမှန်ခြေစွမ်းပြန်ရနေပါပြီ။ တိုရီနိုက အိမ်ကွင်းကောင်းတဲ့အသင်းဖြစ်ပေမယ့် အေစီမီလန်ပဲ ရလဒ်ကောင်းမှာပါ။

## အင်တာမီလန် နှင့် ဂျူဗင်တပ်စ်

နောက်ဆုံး(၅)ပွဲအခြေအနေ

| အင်တာမီလန် | | | ဂျူဗင်တပ်စ် | | |
|---|---|---|---|---|---|
| ဗလင်စီယာ | **L**(A) | (0-4) | LAဂလက်ဆီ | **L**(H) | (1-3) |
| ဂျူဗင်တပ်စ် | **D**(N) | (1-1) | အင်တာမီလန် | **D**(H) | (1-1) |
| ဆီတာဒယ်လာ | **W**(H) | (4-0) | လာဇီယို | **W**(L) | (4-0) |
| ဂျီနိုအာ | **W**(H) | (2-0) | ဆမ်ဒိုးရီးယား | **W**(A) | (1-0) |
| ကာတာနီယာ | **W**(A) | (3-0) | လာဇီယို | **W**(H) | (4-1) |

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၈-၀၉ | အင်တာမီလန် | ၁-၀ | ဂျူဗင်တပ်စ် |
| ၂၀၀၉-၁၀ | အင်တာမီလန် | ၂-၀ | ဂျူဗင်တပ်စ် |
| ၂၀၁၀-၁၁ | အင်တာမီလန် | ၀-၀ | ဂျူဗင်တပ်စ် |
| ၂၀၁၁-၁၂ | အင်တာမီလန် | ၁-၂ | ဂျူဗင်တပ်စ် |
| ၂၀၁၂-၁၃ | အင်တာမီလန် | ၁-၂ | ဂျူဗင်တပ်စ် |

PROBABLE LINE-UP




အင်တာမီလန်က အခုအချိန်အထိ နိုင်ပွဲဆက်နေသေးတယ်။ ဒါပေမဲ့ ကစားကွက်ကတော့ အားရစရာသိပ်မရှိပါဘူး။ ဂိုးတွေသွင်း၊ နိုင်ပွဲတွေရနေတာက အံ့သြဖို့တောင်ကောင်းပြီး၊ ကြိုးစားအားထုတ်မှုရဲ့ရလဒ်တွေကို ခံစားနေရတယ်လို့ပဲဆိုရမယ်။ ကာတာနီယာလိုအသင်းမျိုးရဲ့ ကွင်းမှာ ဂိုးပြတ်နိုင်ပွဲရခဲ့တာကိုက အင်တာမီလန်ရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုရမလိုဖြစ်နေပါတယ်။ ဂျူဗင်တပ်စ်ကတော့ ဒီရာသီမှာ အင်တာမီလန်လိုပဲ (၂)ပွဲဆက်အနိုင်ကစားထားပါတယ်။ ဂျူဗင်တပ်စ်နိုင်တဲ့ပွဲတွေကို ကြည့်ရင် ဆမ်ဒိုးရီးယားကိုအဝေးကွင်းနဲ့ လာဇီယိုကို အိမ်ကွင်းမှာနိုင်ပွဲတွေရခဲ့တာပါ။ ခြေစွမ်းကကောင်းသလို တည်ငြိမ်ပါတယ်။ ကွင်းလယ်က (၂)ပွဲစလုံးမှာ စိတ်ကြိုက်တည်ကစားခဲ့ပြီး တိုက်စစ်မှူးတွေကလည်း တာဝန်ကျေတယ်လို့ဆိုရမယ်။ ဒီ(၂)သင်းရဲ့ ပွဲစဉ်မှာ အင်တာမီလန်က အိမ်ကွင်းအားနဲ့ကစားမှာဖြစ်သလို၊ စိတ်ဓါတ်ပိုင်းကလည်း မြင့်မားနေမှာသေချာပါတယ်။ ဒါပေမဲ့ ဂျူဗင်တပ်စ်အသင်းရဲ့ ကစားအားကိုတော့ ယှဉ်နိုင်ဖို့မလွယ်ဘူး။ ကွင်းလယ်ရော တိုက်စစ်မှာပါ သာနေတဲ့ ဂျူဗင်တပ်စ်ကိုပဲ ပိုကြိုက်ပြီး အင်တာမီလန်အမြင့်ဆုံးသရေပါပဲ။

### အင်တာမီလန်နှင့်ဂျူဗင်တပ်စ်ပွဲမှ ထူးခြားချက်များ

➢ အင်တာမီလန်အသင်းသည် ဂျူဗင်တပ်စ်အသင်းနှင့် နောက်ဆုံးကစားခဲ့သည့် (၇)ပွဲတွင် (၁)ပွဲသာ အနိုင်ရထားသည်။ အဆိုပါနောက်ဆုံး(၇)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုး(၂.၅)ဂိုးအထက်ရှိသည့်ပွဲမှာ (၃)ပွဲသာရှိခဲ့သည်။

➢ အင်တာမီလန်အသင်းသည် ဂျူဗင်တပ်စ်အသင်းနှင့်အိမ်ကွင်းတွင် နောက်ဆုံး(၁၀)ပွဲတွေ့ဆုံမှု၌ ဂိုးမသွင်းယူနိုင်သည့်ပွဲမှာ ၂၀၁၀-၁၁ ဘောလုံးရာသီတွင် ကစားခဲ့သည့် ပွဲ(၁)ပွဲသာရှိခဲ့သည်။

➢ စီးရီးအေဆုံတွေ့မှုတွင် ဂျူဗင်တပ်စ်က (၄၈)ရာခိုင်နှုန်းအထိအနိုင်ရခဲ့သည်။

## စီးရီးအေအမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁။ | နာပိုလီ | ၂ | ၂ | ၀ | ၀ | ၇ | ၂ | ၆ |
| ၂။ | အင်တာမီလန် | ၂ | ၂ | ၀ | ၀ | ၅ | ၀ | ၆ |
| ၃။ | ရိုးမား | ၂ | ၂ | ၀ | ၀ | ၅ | ၀ | ၆ |
| ၄။ | ဖီအိုရင်တီးနား | ၂ | ၂ | ၀ | ၀ | ၇ | ၃ | ၆ |
| ၅။ | ဂျူဗင်တပ်စ် | ၂ | ၂ | ၀ | ၀ | ၅ | ၁ | ၆ |
| ၆။ | အေစီမီလန် | ၂ | ၁ | ၀ | ၁ | ၄ | ၃ | ၃ |
| ၇။ | လီဗော်နို | ၂ | ၁ | ၀ | ၁ | ၄ | ၃ | ၃ |
| ၈။ | အူဒီးနီးစ် | ၂ | ၁ | ၀ | ၁ | ၄ | ၃ | ၃ |
| ၉။ | အတ္တလန်တာ | ၂ | ၁ | ၀ | ၁ | ၃ | ၂ | ၃ |
| ၁၀။ | တိုရီနို | ၂ | ၁ | ၀ | ၁ | ၂ | ၂ | ၃ |
| ၁၁။ | ကာဂလီယာရီ | ၂ | ၁ | ၀ | ၁ | ၃ | ၄ | ၃ |
| ၁၂။ | လာဇီယို | ၂ | ၁ | ၀ | ၁ | ၃ | ၅ | ၃ |
| ၁၃။ | ဗီရိုနာ | ၂ | ၁ | ၀ | ၁ | ၂ | ၄ | ၃ |
| ၁၄။ | ဆမ်ဒိုးရီးယား | ၂ | ၀ | ၁ | ၁ | ၂ | ၃ | ၁ |
| ၁၅။ | ချီယေဗို | ၂ | ၀ | ၁ | ၁ | ၂ | ၄ | ၁ |
| ၁၆။ | ပါးမား | ၂ | ၀ | ၁ | ၁ | ၁ | ၃ | ၁ |
| ၁၇။ | ဘိုလော့ဂ်နာ | ၂ | ၀ | ၁ | ၁ | ၂ | ၅ | ၁ |
| ၁၈။ | ကာတာနီယာ | ၂ | ၀ | ၀ | ၂ | ၁ | ၅ | ၀ |
| ၁၉။ | ဂျီနိုအာ | ၂ | ၀ | ၀ | ၂ | ၂ | ၇ | ၀ |
| ၂၀။ | ဆာဆူအိုလို | ၂ | ၀ | ၀ | ၂ | ၁ | ၆ | ၀ |

## ဖီအိုရင်တီးနား နှင့် ကာဂလီယာရီ

| ဖီအိုရင်တီးနား | နောက်ဆုံး(၅)ပွဲ | | ကာဂလီယာရီ | | |
|---|---|---|---|---|---|
| စပို့တင်း | **L**(A) | (0-3) | အိုဘီယာ | **W**(H) | (1-0) |
| ဂရက်ဟော့ပါး | **W**(A) | (2-1) | အေယက်စီယို | **W**(H) | (1-0) |
| ကာတာနီယား | **W**(H) | (2-1) | ဖရိုစီနွန် | **D**(H) | (1-1) |
| ဂရက်ဟော့ပါး | **L**(H) | (0-1) | အတ္တလန်တာ | **W**(H) | (2-1) |
| ဂျီနိုအာ | **W**(A) | (5-2) | အေစီမီလန် | **L**(A) | (1-3) |

၂၀၀၉ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၁၀-၁၁ | ဖီအိုရင်တီးနား | ၁-၀ | ကာဂလီယာရီ |
| ၂၀၁၁-၁၂ | ဖီအိုရင်တီးနား | ၀-၀ | ကာဂလီယာရီ |
| ၂၀၁၂-၁၃ | ဖီအိုရင်တီးနား | ၄-၁ | ကာဂလီယာရီ |

(၂)ပွဲကစား(၇)ဂိုးသွင်းထားတဲ့ ဖီအိုရင်တီးနားတိုက်စစ်ပိုင်းကို ကာဂလီယာရီထိန်းနိုင်ဖို့မလွယ်ပါဘူး။ မာရီယိုဂိုးမက်ဇ်နဲ့ ရော့စီတို့ရဲ့ အသွင်မတူတိုက်စစ်အတွဲက ပြိုင်ဘက်ခံစစ်ကြောင်းတွေကို အလုပ်ရှုပ်စေပါတယ်။ ကာဂလီယာရီကလည်း အိမ်ကွင်းလောက်ပဲ အဆိပ်ရှိတဲ့အသင်းဖြစ်ပြီး၊ အဝေးကွင်းမှာ ခြေစွမ်းရော၊ ရလဒ်ပါသိပ်မစွံပါဘူး။ ဖီအိုရင်တီးနားပဲ နိုင်ပွဲဆက်ဦးမှာပါ။

## ဗီရိုနာ နှင့် ဆာဆူအိုလို

| ဗီရိုနာ | နောက်ဆုံး(၅)ပွဲ | | ဆာဆူအိုလို | | |
|---|---|---|---|---|---|
| ဗီယင်န | **W**(H) | (1-0) | လန်စီယာနို | **D**(A) | (0-0) |
| လီဗန်တေး | **L**(A) | (1-2) | လီဗော်နို | **W**(H) | (1-0) |
| ပါလာမို | **W**(A) | (1-0) | နိုဗာရာ | **W**(A) | (3-1) |
| အေစီမီလန် | **W**(H) | (2-1) | တိုရီနို | **L**(A) | (0-2) |
| ရိုးမား | **L**(A) | (0-3) | လီဗော်နို | **L**(H) | (1-4) |

၂၀၁၀ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၁၁-၁၂ | ဗီရိုနာ | ၁-၀ | ဆာဆူအိုလို |
| ၂၀၁၂-၁၃ | ဗီရိုနာ | ၁-၀ | ဆာဆူအိုလို |

ဆာဆူအိုလိုက စီးရီးဘီမှာ ချန်ပီယံဖြစ်ခဲ့ပေမယ့် စီးရီးအေမှာတော့ အစဉ်အလာရှိတဲ့ ဗီရိုနာက ခြေစွမ်းပိုပြနိုင်ပါတယ်။ အထူးသဖြင့် ဝါရင့်တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ လူကာတိုနီကို အားဖြည့်လိုက်နိုင်တာ ဗီရိုနာအတွက်အတော်လေးကောင်းသွားပါတယ်။ ဒီပွဲလည်း အိမ်ကွင်းမှာ ဗီရိုနာအနိုင်ကစားမှာပါ။

စာမျက်နှာ(၉)သို့➢➢➢➢

LIGUE-1
WEEK 5

ပြင်သစ်လီဂူးက ပွဲစဉ်(၅)ကိုရောက်လာခဲ့ပါပြီ။ ပြိုင်ပွဲရဲ့ထုံးစံအတိုင်းပြီးခဲ့တဲ့ပွဲစဉ် အများစုမှာ သွင်းဂိုးတွေနည်းခဲ့ကြပါတယ်။ PSG၊ မိုနာကိုတို့လို ထိပ်တန်းတိုက်စစ်မှူးတွေရှိတဲ့အသင်းတွေရဲ့ ပွဲတွေတောင် ဂိုးအများကြီးမြင်တွေ့ဖို့ ခက်နေတာပါ။ ဒီတစ်ပတ်မှာလည်း ဂိုးနည်းမယ့်ပွဲအများစုနဲ့ အိမ်ရှင်အသင်းအများစုအောင်ပွဲခံဦးမလားဆိုတာ . .

# အမှတ်ပေးဇယားထိပ်ဆုံးနေရာအတွက် နိုင်ပွဲဆက်ယူမယ့် မိုနာကို

**ပွဲစဉ်(၄)ရလဒ်များ**

| | | |
|---|---|---|
| အီဗီယန် | ၂-၁ | လိုင်ယွန် |
| PSG | ၂-၀ | ဂွအင်ဂမ့် |
| ဘက်စတီယာ | ၂-၁ | တူးလော့စ် |
| လော်ရီယန့် | ၁-၀ | ဗလင်စီနက်စ် |
| ရိမ်းစ် | ၀-၀ | နန့်စ် |
| ရိန်းစ် | ၀-၀ | လိုင်လီ |
| ဆိုးချော့စ် | ၀-၀ | အေယက်စီယို |
| စိန့်အက်တီယန် | ၂-၁ | ဘော်ဒိုး |
| နိုက်စ် | ၂-၂ | မောင့်ပယ်လီယာ |
| မာဆေးလ် | ၁-၂ | မိုနာကို |



Photo : AFP

လေ့ကျင့်ရေးကွင်းတွင်မြင်တွေ့ရသည့် PSG အသင်းသားများ

## လာဇီယို နှင့် ချီယေဗို

| လာဇီယို | နောက်ဆုံး(၅)ပွဲ | ချီယေဗို | |
|---|---|---|---|
| စပိဇီယာ | W(H) (3-0) | အတ္တလန်တာ | D(A) (2-2) |
| နိုက်စ် | W(A) (1-0) | ဘာရီ | W(H) (3-0) |
| ဂျူဗင်တပ်စ် | L(N) (0-4) | အမ်ပိုလီ | W(H) (2-0) |
| အူဒီးနီးစ် | W(H) (2-1) | ပါးမား | D(A) (0-0) |
| ဂျူဗင်တပ်စ် | L(A) (1-4) | နာပိုလီ | L(H) (2-4) |

ဂျူဗင်တပ်စ်ကို ဘယ်လိုမှ မယှဉ်နိုင်ပဲ ရှုံးနိမ့်ခဲ့ပေမယ့် အိမ်ကွင်းမှာတော့ လာဇီယိုရလဒ်ကောင်းမှာပါ။ အသင်းရဲ့ ခြေစွမ်းက အိမ်ကွင်းမှာဆိုရင်အတော်လေးကောင်းပြီး ချီယေဗိုကွင်းလယ် ယှဉ်နိုင်ဖို့မရှိပါဘူး။ တိုက်စစ်မှူး ကလိုဆေးက လည်း ကြံ့ခိုင်မှုပြည့်ဝနေပြီဖြစ်လို့ ဂိုးပေါက်တွေ့မှာဖြစ်ပြီး လာဇီယိုလည်း နိုင်ပါလိမ့်မယ်။

## လီဗော်နို နှင့် ကာတာနီယာ

| လီဗော်နို | နောက်ဆုံး(၅)ပွဲ | ကာတာနီယာ | |
|---|---|---|---|
| အမ်ပိုလီ | W(H) (1-0) | ဆမ်ဒိုးရီးယား | D(A) (1-1) |
| ကယ်လီနီ | W(H) (2-0) | ပက်စ်ကာရာ | W(H) (1-0) |
| ဆီနာ | L(H) (0-1) | တိုရီနို | D(A) (2-2) |
| ရိုးမား | L(H) (0-2) | ဖီအိုရင်တီးနား | L(A) (1-2) |
| ဆာဆူအိုလို | W(A) (4-1) | အင်တာမီလန် | L(H) (0-3) |

ဒီရာသီမှာ ကာတာနီယာရဲ့ ခြေစွမ်းကစိတ်ပျက်စရာကောင်းလောက်အောင်ကျဆင်းနေပါတယ်။ လီဗော်နိုက အိမ်ကွင်းအဖွင့်ပွဲစဉ်မှာ ရိုးမားကိုရှုံးခဲ့ပေမဲ့ ပြီးခဲ့တဲ့ပွဲမှာတော့ အဝေးကွင်းဂိုးပြတ်နိုင်ပွဲပြန်ရခဲ့ပါတယ်။ ဒီပွဲက ဒုတိယမြောက်အိမ်ကွင်းပွဲစဉ်ဖြစ်ပြီး၊ လီဗော်နို နိုင်ပွဲပြန်ရမှာပါ။ ကာတာနီယာ အမြင့်ဆုံးသရေပါပဲ။

## အူဒီးနီးစ် နှင့် ဘိုလော့ဂ်နာ

| အူဒီးနီးစ် | နောက်ဆုံး(၅)ပွဲ | ဘိုလော့ဂ်နာ | |
|---|---|---|---|
| ဘရီဂျက် | W(H) (4-0) | ပွန်တီဒယ်ရာ | W(H) (6-2) |
| လီဘာရက် | L(H) (1-3) | ဝက်စ်ဘရွန်း | L(A) (0-2) |
| လာဇီယို | L(A) (1-2) | ဘရက်စီယာ | W(H) (1-0) |
| လီဘာရက် | D(A) (1-1) | နာပိုလီ | L(A) (0-3) |
| ပါးမား | W(H) (3-1) | ဆမ်ဒိုရီးယား | D(H) (2-2) |

တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားတဲ့ အူဒီးနီးစ်တို့ (၂)ပွဲစလုံး ကစားပုံမညံ့ခဲ့ပါဘူး။ ဘိုလော့ဂ်နာကလည်း ပုံမှန်စွမ်းဆောင်ရည်ရှိပြီး တိုက်စစ်ကစားပုံလည်းကောင်းပါတယ်။ ဒါပေမဲ့ အူဒီးနီးစ်အသင်းရဲ့ ကွင်းမှာတော့ ရလဒ်ကောင်းဖို့မလွယ်ပါဘူး။ ကစားသမားအပြောင်းအလဲတွေရှိပေမယ့် ခြေငြိမ်နေတဲ့ အူဒီးနီးစ်ပဲနိုင်မှာပါ။

## ဆမ်ဒိုးရီးယား နှင့် ဂျီနိုအာ

| ဆမ်ဒိုးရီးယား | နောက်ဆုံး(၅)ပွဲ | ဂျီနိုအာ | |
|---|---|---|---|
| ဂျူဗင်တပ်စ် | W(H) (3-2) | ကယ်လီနီ | D(H) (0-0) |
| ဆမ်သီယာ | W(H) (6-1) | ဝက်စ်ဘရွန်း | W(A) (1-0) |
| ဘင်နီဗင်တို | W(H) (2-0) | စပိဇီယာ | D(A) (2-2) |
| ဂျူဗင်တပ်စ် | L(H) (0-1) | အင်တာမီလန် | L(A) (0-2) |
| ဘိုလော့ဂ်နာ | D(A) (2-2) | ဖီအိုရင်တီးနား | L(H) (2-5) |

ဒါဘီပွဲစဉ်တစ်ပွဲဖြစ်တာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲကောင်းတစ်ပွဲကို ပရိသတ်တွေခံစားရမှာပါ။ ဒီ(၂)သင်းရဲ့ ပွဲစဉ်တိုင်းကအကြိတ်အနယ်ရှိပြီး၊ ထိပ်တိုက်တွေ့ဆုံမှုတွေမှာ သွင်းဂိုးတွေတော့ နည်းလေ့ရှိပါတယ်။ ဒါ့အပြင် သရေအကျများတဲ့အသင်း(၂)သင်းဖြစ်ပြီး၊ ဒီနစ်လည်း သရေကျဖို့ များပါတယ်။ အနိုင်ဆိုရင်တော့ အိမ်ရှင်ပဲဖြစ်မှာပါ။

## ပါးမား နှင့် ရိုးမား

| ပါးမား | နောက်ဆုံး(၅)ပွဲ | ရိုးမား | |
|---|---|---|---|
| မာဆေးလ် | W(H) (1-0) | လာဇီယို | L(H) (0-1) |
| ဖူလ်ဟမ် | W(A) (2-1) | အရစ် | W(A) (2-1) |
| လက်ချီ | W(H) (4-0) | တာနာနာ | W(A) (2-1) |
| ချီယေဗို | D(H) (0-0) | လီဗော်နို | W(A) (2-0) |
| အူဒီးနီးစ် | L(A) (1-3) | ဗီရိုနာ | W(H) (3-0) |

ကာဆာနိုကိုခေါ်ထားပေမယ့် ပါးမားတိုက်စစ်ပိုင်းက အားရစရာမရှိပါဘူး။ ကစားပုံညံ့ပြီး၊ ခံစစ်ကပိုဆိုးပါတယ်။ ရိုးမားကတော့ ဒီရာသီမှာ ခြေစွမ်းပြနေတဲ့အသင်းဖြစ်ပြီး၊ ခံစစ်ပိုင်းကလည်း (၂)ပွဲကစားပြီးချိန်မှာ ပေးဂိုးမရှိသေးပါဘူး။ ဒီပွဲလည်း ပါးမားအိမ်ကွင်းဖြစ်ပေမယ့် ရိုးမားပဲ ဂိုးမပေးရဘဲ ကပ်နိုင်သွားဖို့ရှိပါတယ်။

## မိုနာကို နှင့် လော်ရီယန့်

| မိုနာကို | နောက်ဆုံး(၅)ပွဲ | လော်ရီယန့် | |
|---|---|---|---|
| စပါး | W(H)(5-2) | ဆိုးချော့စ် | W(A)(1-0) |
| ဘော်ဒိုး | W(A)(2-0) | လိုင်လီ | L(H)(0-1) |
| မောင့်ပယ်လီယာ | W(H)(4-1) | နန့်စ် | W(H)(2-1) |
| တူးလော့စ် | D(H)(0-0) | ဂွအင်ဂမ့် | L(A)(2-0) |
| မာဆေးလ် | W(A)(2-1) | ဗလင်စီနက်စ် | W(H)(1-0) |

လော်ရီယန့်က အဝေးကွင်းနောက်ဆုံး(၄)ပွဲဆက်ရှုံးနိမ့်ထားသလို၊ (၄)ပွဲစလုံးလည်းဂိုးမရခဲ့ပါဘူး။ ဒီအနေအထားက ရီဘီအော့ဖ်၊ ဖယ်လ်ကာအိုတို့ဂိုးသွင်းခြေတွေနေတဲ့ မိုနာကိုအတွက် အိမ်ကွင်းမှာ ဂိုးပြတ်နိုင်ပွဲရယူသွားမှာပါ။

## လိုင်ယွန် နှင့် ရိန်းစ်

| လိုင်ယွန် | နောက်ဆုံး(၅)ပွဲ | ရိန်းစ် | |
|---|---|---|---|
| ဆိုးချော့စ် | W(A)(3-1) | ဂွအင်ဂမ့် | D(H)(1-1) |
| ဆိုစီအက် | L(H)(0-2) | ရိမ်းစ် | W(H)(2-1) |
| ရိမ်းစ် | L(H)(0-1) | နိုက်စ် | L(A)(1-2) |
| ဆိုစီအက် | L(A)(0-2) | အီဗီယန် | W(A)(2-1) |
| အီဗီယန် | L(A)(1-2) | လိုင်လီ | D(H)(0-0) |

ဂေါ်ကပ်ဖ်၊ လာကာဇက်တေ၊ ဂရီနီယာတို့လို ကစားသမားကောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့လိုင်ယွန် (၄)ပွဲဆက်ရှုံးတဲ့အထိ ခြေပျက်နေပါတယ်။ အခုပွဲကလိုင်ယွန်အမှတ်ပြန်ရာမယ့်ပွဲဖြစ်ပြီး ရိန်းစ်ကျနေချိန်ဖြစ်လို့လည်း အနိုင်သေချာပါတယ်။

## မောင့်ပယ်လီယာ နှင့် ရိမ်းစ်

| | | | | | |
|---|---|---|---|---|---|
| မောင့်ပယ်လီယာ | D(A) | D(H) | L(A) | W(H) | D(A) |
| ရိမ်းစ် | D(H) | D(H) | W(H) | L(A) | D(H) |

ရိမ်းစ်ရဲ့ ခြေစွမ်းအကျဘက်ရောက်နေသလို အဝေးကွင်းကစားရမှာဖြစ်လို့လည်း သရေရဖို့ပဲ ဦးတည်ကစားနိုင်ပါတယ်။ မောင့်ပယ်လီယာအိမ်ကွင်းဆို ကစားပုံပိုကောင်းတတ်လို့ ဂိုးနည်းနည်းနဲ့ နိုင်ပွဲယူသွားမှာပါ။

## အေယက်စီယို နှင့် အီဗီယန်

| | | | | | |
|---|---|---|---|---|---|
| အေယက်စီယို | D(H) | L(H) | D(A) | D(H) | D(A) |
| အီဗီယန် | D(H) | D(H) | L(A) | L(H) | W(H) |

မူတူ၊ ပီဒရက်တီ စတဲ့တိုက်စစ်မှူးတွေရှိနေတဲ့ အေယက်စီယို အိမ်ကွင်းနောက်ဆုံး(၄)ပွဲဆက် ဂိုးပေါက်ပျောက်နေတာ အံ့အားသင့်စရာပါ။ ဒါပေမဲ့ ဒီပွဲမှာတော့ အဝေးကွင်းညံ့တဲ့ အီဗီယန်ကို (၂-၁)ဂိုးလောက်နဲ့ အနိုင်ရဖို့ရှိပါတယ်။

## ဘော်ဒိုး နှင့် PSG

| ဘော်ဒိုး | နောက်ဆုံး(၅)ပွဲ | PSG | |
|---|---|---|---|
| PSG | L(A)(1-2) | ဘော်ဒိုး | W(H)(2-1) |
| မိုနာကို | L(A)(0-2) | မောင့်ပယ်လီယာ | D(A)(1-1) |
| တူးလော့စ် | D(A)(1-1) | အေယက်စီယို | D(H)(1-1) |
| ဘက်စတီယာ | W(H)(1-0) | နန့်စ် | W(A)(2-1) |
| စိန့်အက်တီယန် | L(A)(1-2) | ဂွအင်ဂမ့် | W(H)(2-0) |

အစဉ်အလာအရ ဘော်ဒိုးက PSG ကိုဒုက္ခပေးနိုင်ပါတယ်။ အိမ်ကွင်းအားသာချက်နဲ့ အမှတ်ရာတတ်တဲ့ဘော်ဒိုးရဲ့ပုံစံကြောင့်လည်း PSG ပေါ့ဆလို့မရပါဘူး။ ဂိုးနည်းမယ့်ပွဲဖြစ်ပြီး (၁-၁)၊ (၀-၁)လောက်ဖြစ်နိုင်ပါတယ်။

## လိုင်လီ နှင့် နိုက်စ်

| | | | | | |
|---|---|---|---|---|---|
| လိုင်လီ | W(A) | W(H) | L(A) | W(H) | D(A) |
| နိုက်စ် | D(H) | L(A) | W(H) | W(H) | D(H) |

ပြီးခဲ့တဲ့ရာသီကလိုင်လီကွင်းမှာ နိုက်စ်အနိုင်ရထားတာကို သတိပြုရနိုင်ပေမယ့် လက်ရှိအချိန်မှာ လိုင်လီက အိမ်ကွင်း (၇)ပွဲဆက်မရှုံးသေးတဲ့အသင်းဖြစ်ပါတယ်။ လိုင်လီအနိုင်သေချာပြီး (၂-၀)ဂိုးလောက်ဖြစ်မှာပါ။

**ပြင်သစ်လီဂူးအမှတ်ပေးဇယား**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|
| မိုနာကို | ၄ | ၃ | ၁ | ၀ | ၈ | ၂ | +၆ | ၁၀ |
| မာဆေးလ် | ၄ | ၃ | ၀ | ၁ | ၇ | ၃ | +၄ | ၉ |
| စိန့်အက်တီယန် | ၄ | ၃ | ၀ | ၁ | ၄ | ၂ | +၂ | ၉ |
| PSG | ၄ | ၂ | ၂ | ၀ | ၆ | ၃ | +၃ | ၈ |
| ရိန်းစ် | ၄ | ၂ | ၁ | ၁ | ၅ | ၄ | +၁ | ၇ |
| ရိမ်းစ် | ၄ | ၂ | ၁ | ၁ | ၄ | ၃ | +၁ | ၇ |
| လိုင်လီ | ၄ | ၂ | ၁ | ၁ | ၃ | ၂ | +၁ | ၇ |
| လိုင်ယွန် | ၄ | ၂ | ၀ | ၂ | ၈ | ၄ | +၄ | ၆ |
| ဘတ်စတီယာ | ၄ | ၂ | ၀ | ၂ | ၄ | ၄ | +၀ | ၆ |
| လော်ရီယန့် | ၄ | ၂ | ၀ | ၂ | ၃ | ၄ | -၁ | ၆ |
| မောင့်ပယ်လီယာ | ၄ | ၁ | ၂ | ၁ | ၆ | ၈ | -၂ | ၅ |
| နိုက်စ် | ၄ | ၁ | ၂ | ၁ | ၄ | ၇ | -၃ | ၅ |
| နန့်စ် | ၄ | ၁ | ၁ | ၂ | ၄ | ၄ | +၀ | ၄ |
| အီဗီယန် | ၄ | ၁ | ၁ | ၂ | ၄ | ၆ | -၂ | ၄ |
| ဘော်ဒိုး | ၄ | ၁ | ၁ | ၂ | ၃ | ၅ | -၂ | ၄ |
| ဗလင်စီနက်စ် | ၄ | ၁ | ၀ | ၃ | ၃ | ၄ | -၁ | ၃ |
| အေယက်စီယို | ၄ | ၀ | ၃ | ၁ | ၁ | ၂ | -၁ | ၃ |
| ဂွအင်ဂမ့် | ၄ | ၁ | ၀ | ၃ | ၃ | ၆ | -၃ | ၃ |
| ဆိုးချော့စ် | ၄ | ၀ | ၂ | ၂ | ၃ | ၆ | -၃ | ၂ |
| တူးလော့စ် | ၄ | ၀ | ၂ | ၂ | ၂ | ၆ | -၄ | ၂ |

## တူးလော့စ် နှင့် မာဆေးလ်

| တူးလော့စ် | နောက်ဆုံး(၅)ပွဲ | မာဆေးလ် | |
|---|---|---|---|
| အေယက်စီယို | D(A)(1-1) | ပါးမား | L(A)(0-1) |
| ဗလင်စီနက်စ် | L(A)(0-3) | ဂွအင်ဂမ့် | W(A)(3-1) |
| ဘော်ဒိုး | D(H)(1-1) | အီဗီယန် | W(H)(2-0) |
| မိုနာကို | D(A)(0-0) | ဗလင်စီနက်စ် | W(A)(1-0) |
| ဘက်စတီယာ | L(A)(1-2) | မိုနာကို | L(H)(1-2) |

အဝေးကွင်းဆို မာဆေးလ်တို့ ဂိုးသွင်းအားကျတတ်သလို၊ ဒီပွဲပြီးရင် ချန်ပီယံလိဂ်ကစားဖို့ရှိနေတာကြောင့်လည်း အာရုံများနေနိုင်ပါတယ်။ တူးလော့စ်သရေခဲကစားသွားနိုင်ပြီး ဂိုးနည်းမယ့်ပွဲပါ။

## ဗလင်စီနက်စ် နှင့် စိန့်အက်တီယန်

| ဗလင်စီနက်စ် | နောက်ဆုံး(၅)ပွဲ | စိန့်အက်တီယန် | |
|---|---|---|---|
| ရိမ်းစ် | D(A)(0-0) | အေယက်စီယို | W(A)(1-0) |
| တူးလော့စ် | W(H)(3-0) | ဂွအင်ဂမ့် | W(H)(1-0) |
| ဘတ်စတီယာ | L(A)(0-2) | အက်စ်ဂျက် | L(A)(3-4) |
| မာဆေးလ် | L(H)(0-1) | လိုင်လီ | L(A)(0-1) |
| လော်ရီယန့် | L(A)(0-1) | ဘော်ဒိုး | W(H)(2-1) |

ဗလင်စီနက်စ်တို့ (၃)ပွဲဆက်ရှုံးနိမ့်ထားသလို၊ ဒါဒီ(၃)ပွဲစလုံးလည်း ဂိုးမရသေးပါဘူး။ စိန့်အက်တီယန်ရဲ့ အဝေးကွင်းခြေစွမ်းအကောင်းကြီးမဟုတ်ပေမယ့် ဘရန်ဒါအိုလို အတွေ့အကြုံရင့်တိုက်စစ်မှူးမျိုးရှိနေလို့ နိုင်ပွဲယူသွားနိုင်ပါတယ်။

## နန့်စ် နှင့် ဆိုးချော့စ်

| | | | | | |
|---|---|---|---|---|---|
| နန့်စ် | W(H) | W(H) | L(A) | L(H) | D(A) |
| ဆိုးချော့စ် | L(H) | D(A) | L(H) | L(A) | D(H) |

(၃)ပွဲဆက်နိုင်ပွဲပျောက်နေတဲ့(၂)သင်း ရင်ဆိုင်ကြမှာပါ။ ဒီ(၂)သင်းယှဉ်ရင် ဆိုးချော့စ်က အခြေအနေပိုဆိုးနေပြီး (၆)ပွဲဆက်နိုင်ပွဲပျောက်နေပါတယ်။ ဒါပေမဲ့ အစဉ်အလာသာတဲ့ ဆိုးချော့စ်သရေတစ်မှတ်ရသွားနိုင်ပါတယ်။

## ဂွအင်ဂမ့် နှင့် ဘတ်စတီယာ

| | | | | | |
|---|---|---|---|---|---|
| ဂွအင်ဂမ့် | D(A) | L(H) | L(A) | W(H) | L(A) |
| ဘတ်စတီယာ | D(H) | L(A) | W(H) | L(A) | W(H) |

အတွေ့အကြုံနဲ့ ကစားသမားပိုင်းမှာ ဘတ်စတီယာသာပေမယ့် နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲမှာ လော်ရီယန့်ကို အနိုင်ယူထားတဲ့ ဂွအင်ဂမ့်ကို သတိထားရပါမယ်။ သရေကျဖို့များပါတယ်။

# ပရီးမီးယားလိဂ်တွင်တစ်ရာသီစာလက်မှတ်ဝယ်ယူသူ လူငယ်ပရိသတ်များပြားလာ

# ယမန်နှစ်ရာသီက စံချိန်သစ်တင်ခဲ့ပြီး (၁၀)နှစ်အတွင်း (၂၆%)တိုးတက်ခဲ့

ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ကွင်းထဲသို့ လာရောက်ကြည့်ရှုသူ လူငယ်ပရိသတ်များမှာ တိုးတက်များပြားလာခဲ့ရာ ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် စံချိန်သစ်တစ်ရပ်ဖြစ်ခဲ့ကြောင်း သိရှိရသည်။ ပြီးခဲ့သည့်ဘောလုံးရာသီ (၂၀၁၂-၁၃)က ပရီးမီးယားလိဂ်အသင်း (၂၀)တွင် တစ်ရာသီစာလက်မှတ်ဝယ်ယူကာ လာရောက်ကြည့်ရှုသည့်လူငယ်ပရိသတ်မှာ(၅၈၅၄၆)ဦး ရှိခဲ့ရာ ယမန်နှစ်ရာသီကထက် (၂၅၀၀)ကျော် ပိုမိုများပြားကာ စံချိန်သစ် တင်ခဲ့သလို၊ ၂၀၀၄-၀၅ ရာသီ မှတ်တမ်းနှင့် နှိုင်းယှဉ်လျှင် (၂၆)ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြီးခဲ့သည့်ရာသီက တစ်ရာသီစာလက်မှတ်ဝယ်ယူကာ အားပေးသည့်လူကြီးပရိသတ်ဦးရေမှာလည်း စံချိန်သစ်တစ်ရပ်ဖြစ်ခဲ့ကြောင်း သိရှိရသည်။ ပြီးခဲ့သည့်ရာသီက လူကြီးပရိသတ်ဦးရေ (၄၇၆၇၇၆)ဦးရှိခဲ့ပြီး ၂၀၀၄-၀၅ ရာသီက မှတ်တမ်းနှင့်နှိုင်းယှဉ်လျှင် (၇)ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ကလပ်အသင်းများသည် အသက် (၁၆)နှစ်အောက် လူငယ်ပရိသတ်များအားဈေးနှုန်းလျှော့ချသတ်မှတ်၍ တစ်ရာသီစာလက်မှတ်များကို ရောင်းချလျက်ရှိနေခြင်းဖြစ်ပြီး ပြီးခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း လူငယ်ပရိသတ်မှာ (၄)ပုံ(၁)ပုံကျော် ပမာဏအထိ တိုးတက်လာခဲ့ခြင်းလည်းဖြစ်သည်။ ယင်းကဲ့သို့လူငယ်ပရိသတ်များ တိုးတက်များပြားလာခြင်းအတွက် ပရီးမီးယားလိဂ်တာဝန်ရှိသူများက ကျေနပ်ဝမ်းမြောက်လျက်ရှိနေပြီး ယင်းမှာ အနာဂတ်တွင် ကွင်းတွင်းသို့ ပရိသတ်များ ယခုထက်ပိုမိုများပြားစွာလာရောက်ကြည့်ရှုမည့်အလားအလာပင်ဖြစ်သည်ဟု ပြောကြားခဲ့ကြသည်။

### ပရီးမီးယားလိဂ်၏ တစ်ရာသီစာ လက်မှတ်ဝယ်ယူကြည့်ရှုသူဦးရေ

| ရာသီ | တစ်ရာသီစာ လူကြီးလက်မှတ် | တစ်ရာသီစာ လူငယ်လက်မှတ် |
|---|---|---|
| ၂၀၀၄-၀၅ | ၄၄၅,၂၈၁ | ၄၆,၃၂၅ |
| ၂၀၀၅-၀၆ | ၄၄၈,၆၅၅ | ၄၉,၁၀၁ |
| ၂၀၀၆-၀၇ | ၄၅၀,၉၉၈ | ၅၂,၄၉၄ |
| ၂၀၀၇-၀၈ | ၄၇၆,၂၆၇ | ၅၆,၂၃၅ |
| ၂၀၀၈-၀၉ | ၄၇၅,၁၂၈ | ၅၈,၃၁၃ |
| ၂၀၀၉-၁၀ | ၄၅၅,၆၁၇ | ၅၇,၀၉၇ |
| ၂၀၁၀-၁၁ | ၄၆၁,၃၃၄ | ၅၈,၁၀၆ |
| ၂၀၁၁-၁၂ | ၄၅၇,၁၅၁ | ၅၆,၀၂၄ |
| ၂၀၁၂-၁၃ | ၄၇၆,၇၇၆ | ၅၈,၅၄၆ |

## လူငယ်ပရိသတ်များအတွက် ပရီးမီးယားလိဂ် ကလပ်အသင်းအချို့၏ လက်မှတ်ရောင်းချမှုအစီအစဉ်

➢ အဲဗာတန်အသင်းသည် အသက် (၁၁)နှစ်အောက်ကလေးပရိသတ်များအတွက် တစ်ရာသီစာလက်မှတ်ကို (၉၅)ပေါင်သာ သတ်မှတ်ထားပြီး ကလေးပရိသတ်တိုးတက်မှုမှာ (၃၉)ရာခိုင်နှုန်းရှိခဲ့သည်။

➢ အသက် (၁၂)နှစ်မှ (၁၆)နှစ်အထိ ပရိသတ်များအတွက် တစ်ရာသီစာလက်မှတ်ဈေးနှုန်းကို အဲဗာတန်အသင်းက (၁၄၉)ပေါင်သတ်မှတ်ထားသည်။

➢ နယူးကာဆယ်အသင်းသည် လူကြီးတစ်ဦးနှင့် ကလေးတစ်ဦးအတွက် (နှစ်ယောက်ပေါင်း) တစ်ရာသီစာလက်မှတ်ဈေးနှုန်းကို (၄၈၃)ပေါင်သတ်မှတ်ထားပြီး ယခုရာသီတွင် ယင်းအတွက် ခုံနေရာ(၈၂၀၀)ထားရှိသည်။

➢ အက်စတွန်ဗီလာအသင်းသည် မိသားစုတစ်ရာသီစာလက်မှတ်ရောင်းချလျက်ရှိပြီး မိသားစုတစ်စုလျှင်လူကြီး (၂)ဦး၊ ကလေး(၂)ဦး (၄ယောက်ပေါင်း) ပါဝင်မည်ဖြစ်သည်။ (၁၆)နှစ်အောက်ကလေးပါဝင်သည့်မိသားစုအတွက် (၆၉၅)ပေါင်သတ်မှတ်ပြီး (၈)နှစ်အောက်ကလေးများသာပါဝင်သည့်မိသားစုအတွက် (၆၅၀)ပေါင်သတ်မှတ်သည်။

➢ အာဆင်နယ်အသင်းသည် အပတ်စဉ်တိုင်း ပရီးမီးယားလိဂ်အိမ်ကွင်းပွဲစဉ်များတွင် အသက်(၁၂)နှစ်မှ (၁၆)နှစ်အထိ လူငယ်ပရိသတ်များအတွက် လက်မှတ်စောင်ရေ (၁၀၀၀)ထားရှိသည်။ Category B နှင့် C တွင် ကြည့်ရှုရမည့် ယင်းလက်မှတ်အတွက် ကျသင့်ငွေမှာ တစ်စောင်လျှင် (၁၀)ပေါင်မျှသာဖြစ်သည်။




## ဖူလ်ဟမ်မှ ထွက်ခွာရန် ဆန်းဒရိုစ့် စီစဉ်နေ

ဖူလ်ဟမ်အသင်း၏နောက်ခံလူ ဆန်းဒရိုစ့်က သူသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ရည်ရွယ်ထားကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။ ဖူလ်ဟမ်အသင်းတွင် နေရာမရသူ ဆွစ်ဇာလန်နောက်ခံလူဆန်းဒရိုစ့်ကို အသင်းနည်းပြမာတင်ဂျိုးလ်ကလည်း အသင်းမှထွက်ခွင့်ပေးထားသည်။

## မိုက်ကယ်လောဒရပ်ကို ဘင်ဖီကာ ပစ်မှတ်ထား

ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းသည် ဆွမ်ဆီးအသင်းနည်းပြ မိုက်ကယ်လောဒရပ်ကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိနေကြောင်း သိရှိရသည်။ ဘင်ဖီကာအသင်းတာဝန်ရှိသူများသည် လက်ရှိနည်းပြဂျော့ချ်ဂျီးဆပ်၏နေရာကို လောဒရပ်နှင့် အစားထိုးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

## ဂလင်းဂျွန်ဆင် ယခုနှစ် အတွင်း ကစားနိုင်ဖွယ်မရှိ

လီဗာပူးလ်အသင်း၏ နောက်ခံလူ ဂလင်းဂျွန်ဆင်သည် မန်ယူအသင်းအား အနိုင်ရရှိခဲ့သည့်ပွဲတွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့်ယခုနှစ်အတွင်းကစားနိုင်ဖွယ်မရှိတော့ကြောင်း သိရသည်။ သူ၏ခြေကျင်းဝတ်ဒဏ်ရာမှာ အခြေအနေဆိုး၍ ခရစ္စမတ်ကာလအထိ ကစားနိုင်မည်မဟုတ်ဟု အသင်းကကြေညာခဲ့သည်။

## ပြင်သစ်သို့ ပြန်ရန် ကလစ်ချီ စဉ်းစားနေ

မန်စီးတီးအသင်းနောက်ခံလူ ကလစ်ချီက သူသည် ဇာတိမြေ ပြင်သစ်သို့ပြန်ကာ ကစားရန် စဉ်းစားနေကြောင်း ဝန်ခံပြောကြားခဲ့သည်။ ပရီးမီးယားလိဂ်ထက်ပိုကောင်းသည့် လိဂ်ပြိုင်ပွဲမရှိသော်လည်း ပြင်သစ်သို့ပြန်ကာ ကစားလိုကြောင်း၊ PSG၊ မိုနာကိုအသင်းများ၏ စိတ်ဝင်စားမှုကိုပျော်ရွှင်မိကြောင်း ဝန်ခံခဲ့သည်။

## မန်ချက်စတာဒါဘီပွဲအတွက် ရဲတပ်ဖွဲ့ လုံခြုံရေးအထူး တင်းကျပ်မည်

ယခုလ (၂၂)ရက်နေ့တွင် ကစားရန်ရှိသည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့၏ မန်ချက်စတာဒါဘီပွဲစဉ်အတွက် ဂရိတ်မန်ချက်စတာ ရဲတပ်ဖွဲ့သည် လုံခြုံရေးအထူးတိုးမြှင့်ကာ တင်းကျပ်စွာ ကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ပြီးခဲ့သည့်ရာသီက မန်စီးတီးအသင်း၏ အီတီဟတ်ကွင်းတွင် ကစားခဲ့သည့် မန်ချက်စတာဒါဘီပွဲစဉ်၌ နှစ်ဖက်အသင်းပရိသတ်များအကြား တင်းမာမှုများဖြစ်ပေါ်ခဲ့ပြီး မန်ယူနောက်ခံလူ ဖာဒီနန်မှာ မန်စီးတီးပရိသတ်များ၏ အကြွေစေ့ဖြင့်ပစ်ပေါက်မှုကို ခံခဲ့ရကာ မျက်ခုံးကွဲခဲ့သည်။ သို့ဖြစ်ရာ ကွင်းအတွင်း လုံခြုံရေးတာဝန်ယူမည့်ရဲတပ်ဖွဲ့များလည်း မျက်လုံးကိုအကာအကွယ်ပေးသည့်မျက်မှန်များ တပ်ဆင်သွားမည်ဖြစ်သလို၊ လက်ကိုင်ကင်မရာများလည်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

## FA သည် မျှတစွာဆုံးဖြတ်တတ်သည့်အဖွဲ့အစည်း မဟုတ်ဟု ဟယ်ရီရက်နက်ပ်ပြစ်တင်

QPR အသင်းနည်းပြ ဟယ်ရီရက်နက်ပ်က အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)သည် မျှတစွာဆုံးဖြတ်တတ်သည့်အဖွဲ့အစည်းမဟုတ်ဘဲ စံနှစ်မျိုးထားရှိသည်ဟု ပြစ်တင်ပြောကြားလိုက်သည်။ ပြီးခဲ့သည့်ရက်ပိုင်းက စပါးအသင်း၏ အင်္ဂလန်နောက်ခံလူ ကီလီဝေါ်လ်ကာ နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့ရှူခဲ့သည့် ဓာတ်ပုံကို ဗြိတိန်သတင်းစာများကဖော်ပြခဲ့သော်လည်း FA က အရေးယူခဲ့ခြင်းမရှိ၍ ရက်နက်ပ်က ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ယင်းဓာတ်ငွေ့မှာ စိတ်ကြွစေသည့်ဓာတ်သတ္တိရှိပြီး အားကစားသမားများနှင့် မသင့်တော်ဟု ဝေဖန်မှုများရှိနေသည်။ ရက်နက်ပ်က ဝေါ်လ်ကာသည် ရို့ချ်ဒေးလ်ကဲ့သို့ အသင်းငယ်လေးတွင် ကစားနေလျှင် FA သည် သေချာပေါက်အရေးယူလိမ့်မည်ဟု ဝေဖန်ပြောကြားခဲ့သည်။

## Short

❒ မန်စီးတီးအသင်း၏ နောက်ခံလူ ကလစ်ချီက မိမိတို့မန်စီးတီးအသင်းသည် အရည်အသွေးရှိကစားသမားသစ်များနှင့် နည်းပြသစ် ပယ်လီဂရီနီ၏လက်အောက်တွင် ရလဒ်ကောင်းများစွာကိုရယူပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားကို ပြန်လည်ရယူနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

❒ မန်ယူအသင်း၏ နောက်ခံလူဟောင်းတစ်ဦးဖြစ်သူ ဟင်းနင်းဘတ်က မန်ယူကွင်းလယ်လူသစ် ဖယ်လေနီသည် တစ်ချိန်က မန်ယူအသင်းကို အောင်မြင်မှုများစွာရရှိအောင် ကူညီပေးခဲ့သည့် ပြင်သစ်ကစားသမား ကင်တိုနာကဲ့သို့ စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ပြောကြားခဲ့သည်။ ဟင်းနင်းဘတ်က ဖယ်လေနီသည် မန်ယူအသင်း၏တိုက်စစ်ကို များစွာအထောက်အကူပေးပြီး ဗန်ပါစီ ဂိုးသွင်းနိုင်အောင်လည်း ကူညီပေးလိမ့်မည်ဟု ပြောကြားခဲ့သည်။

❒ နယူးကာဆယ်အသင်းသည် အသင်း၏ ပြင်သစ်ကွင်းလယ်လူ အိုဘာတန်အား အငှားချရန် စီစဉ်လျက်ရှိနေကြောင်း သိရသည်။ တောင်ပံကစားသမားတစ်ဦးဖြစ်သူ အိုဘာတန်အား ခေါ်ယူရန် နော်တင်ဟမ်ဖောရက်စ်အသင်းက စိတ်ဝင်စားနေပြီး (၃)လကြာအငှားစာချုပ်တစ်ရပ်ဖြင့် ခေါ်ယူသွားဖွယ်ရှိနေကြောင်း သိရှိရသည်။

❒ စတုတ်စီးတီးအသင်းနည်းပြ မာ့ခ်ဟုချ်က မန်စီးတီးအသင်းကို ကိုင်တွယ်စဉ်က မိမိစွမ်းဆောင်ခဲ့သည်များနှင့်ပတ်သက်၍ ကျေနပ်အားရမှုအပြည့်ရှိကြောင်း ပြောကြားခဲ့သည်။ မာ့ခ်ဟုချ်သည် ၂၀၀၉ ဒီဇင်ဘာက မန်စီးတီးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသူဖြစ်ပြီး ယခုတစ်ပတ်ပရီးမီးယားလိဂ်ပွဲစဉ်တွင် သူ၏ စတုတ်စီးတီးအသင်းမှာ အသင်းဟောင်းမန်စီးတီးကို အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်သည်။

❒ ဝက်စ်ဟမ်းအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ရိုမေးနီးယားလက်ရွေးစင်တိုက်စစ်မှူး မာရီကာအား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိနေကြောင်း သိရှိရသည်။ ရိုမေးနီးယားလက်ရွေးစင်အသင်းအတွက် (၆၃)ပွဲကစားထားသူ မာရီကာသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ရော့်လ်ကာအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

# အောက်တန်းလိဂ်ပြိုင်ပွဲများ၏အငှားအပြောင်းအရွှေ့ကာလစတင်ဖွင့်လှစ်ခဲ့ပြီး ပရီးမီးယားလိဂ်ကစားသမား(၅၀)ခန့်ဆင်းကစားဖွယ်ရှိ




အငှားချခံရဖွယ်ရှိနေသည့် စတုတ်စီးတီးအသင်း၏ အင်္ဂလန်ဂိုးသမား ဘတ်လန်း

Photo : AFP

ပရီးမီးယားလိဂ်၏ နွေရာသီအပြောင်းအရွှေ့ကာလပြီးဆုံးချိန်တွင် အောက်တန်းလိဂ်ပြိုင်ပွဲများအတွက် အငှားပြောင်းရွှေ့ကာလကို ပြီးခဲ့သည့် အင်္ဂါ(စက်တင်ဘာ ၁၀ ရက်)နေ့က စတင်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ ပရီးမီးယားလိဂ်အောက် အဆင့်နိမ့်သည့်လိဂ်ပြိုင်ပွဲများဖြစ်သော လိဂ်ချန်ပီယံရှစ်၊ League One၊ League Two ပြိုင်ပွဲများမှ ကလပ်အသင်းများအတွက် အငှားစာချုပ်ဖြင့်ကစားသမားခေါ်ယူနိုင်သော အငှားအပြောင်းအရွှေ့ကာလကို ယင်းနေ့မှ နိုဝင်ဘာလ(၄)ရက်နေ့အထိ (၂)လနီးပါးဖွင့်လှစ်ပေးထားခြင်းဖြစ်သည်။

ကလပ်အသင်းများအနေဖြင့် အသင်းမှကစားသမားများ ဒဏ်ရာရ၊ ပွဲပယ်ပြဿနာရှိသောအခြေအနေမျိုးတွင် အရေးပေါ်ခေါ်ယူနိုင်ရန် ယင်းအငှားအပြောင်းအရွှေ့ကာလကို ဖွင့်လှစ်ပေးထားခြင်းဖြစ်ပြီး အများဆုံး (၃)လစာချုပ်ဖြင့် ခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းကဲ့သို့ အရေးပေါ်အခြေအနေတွင်သာ ခေါ်ယူနိုင်ရန် သတ်မှတ်ပေးခြင်းဖြစ်သော်လည်း ကလပ်အသင်းအတော်များများမှာ ယင်းကာလအတွင်း ပရီးမီးယားလိဂ်အသင်းများထံမှ လူငယ်ကစားသမားအများစုနှင့် အရန်ကစားသမားအများစုကို ခေါ်ယူလေ့ရှိပြီး တာဝန်ရှိသူများကလည်း တားဆီးပိတ်ပင်မှုများ ပြုလုပ်လေ့မရှိပေ။ သို့ဖြစ်ရာ ပရီးမီးယားလိဂ်ကလပ်အသင်းများတွင် နေရာမရသည့်ကစားသမားအတော်များများမှာ လိဂ်ချန်ပီယံရှစ်ကလပ်အသင်းများသို့ ကာလတိုအငှားစာချုပ်ဖြင့် လာရောက်ကစားလေ့ရှိပြီး ယခုနှစ်တွင်လည်း ပရီးမီးယားလိဂ်မှ လိဂ်ချန်ပီယံရှစ်သို့ အငှားသွားရောက်ကစားမည့် ကစားသမား (၅၀)ခန့်အထိ ရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။ ယင်းအငှားအပြောင်းအရွှေ့ကာလအတွင်း ပရီးမီးယားလိဂ်အသင်းများမှာ ၎င်းတို့ကစားသမားများကိုသာ သွားရောက်ကစားခွင့်ပြုနိုင်ပြီး အသင်းသို့အငှားခေါ်ယူကစားခွင့်မရှိကြောင်း သိရသည်။

ပရီးမီးယားလိဂ်မှ လိဂ်ချန်ပီယံရှစ်သို့ သွားရောက်ကစားဖွယ်ရှိသည့်ကစားသမားများထဲတွင် စတုတ်ဂိုးသမား ဘတ်တလန်၊ လီဗာပူးလ်လူငယ်ကစားသမား ဖလာနာဂန်၊ ဝက်စ်ဟမ်းတိုက်စစ်မှူးဗက်ဇ်တေ အစရှိသည့်ကစားသမားများပါဝင်ဖွယ်ရှိကြောင်း သိရှိရသည်။

**လိဂ်ချန်ပီယံရှစ်သို့ အငှားသွားရောက် ကစားဖွယ်ရှိသည့် ပရီးမီးယားလိဂ်ကစားသမားအချို့**

| ကစားသမား | ကလပ် | နေရာ |
|---|---|---|
| ရှေးဂစ်ဗင် | ဗီလာ | ဂိုး |
| ဘတ်လန်း | စတုတ် | ဂိုး |
| ဖလာနာဂန် | လီဗာပူးလ် | နောက်တန်း |
| အလန်ဟတ်တန် | ဗီလာ | နောက်တန်း |
| မိုက်ကယ်ကင်း | မန်ယူ | နောက်တန်း |
| တွန်သော့ပ် | မန်ယူ | နောက်တန်း |
| ဂယ်ရီမန့် | ဆွမ်ဆီး | နောက်တန်း |
| နာဘာရီ | အာဆင်နယ် | အလယ်တန်း |
| အီချရန် | ချယ်လ်ဆီး | အလယ်တန်း |
| ဒန်ဂေါ့စလင်း | နယူးကာဆယ် | အလယ်တန်း |
| လီကက်တာမိုး | ဆန်းဒါးလန်း | အလယ်တန်း |
| လီတာ | ဆွမ်ဆီး | ရှေ့တန်း |
| ဗက်ဇ်တေ | ဝက်စ်ဟမ်း | ရှေ့တန်း |

## မန်စီးတီးတွင် ဩဂုတ်လ၌ နီဂရီဒို အကောင်းဆုံး

မန်စီးတီးအသင်း၏ စပိန်တိုက်စစ်မှူး နီဂရီဒိုသည် ပြီးခဲ့သည့်ဩဂုတ်လအတွက် အကောင်းဆုံးမန်စီးတီးကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရှိရသည်။ မန်စီးတီးအသင်း၏ ပရိသတ်များက ၎င်းတို့၏ ကစားသမားများကို မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး နီဂရီဒိုက အသင်းတွင် ပထမဦးစားပေးကစားသမားအဖြစ် ပွဲတိုင်းမကစားရသော်လည်း ရွေးချယ်ခံရခြင်းဖြစ်သည်။ ၎င်းက ပရိသတ်များကို ကျေးဇူးတင်ကြောင်း Twitter မှတစ်ဆင့် ပြောကြားခဲ့သည်။

## ဘင်ဖီကာတွင် ပြန်ကစားလိုဟု ရာမီရက်စ် ဝန်ခံ

ချယ်လ်ဆီးအသင်း၏ ဘရာဇီးလ်ကွင်းလယ်လူ ရာမီရက်စ်က တစ်နေ့နေ့တစ်ချိန်ချိန်တွင် မိမိ၏ အသင်းဟောင်းဖြစ်သည့် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းတွင် ပြန်လည်ပြောင်းရွှေ့ကစားလိုကြောင်းဝန်ခံပြောကြားခဲ့သည်။ရာမီရက်စ်သည် ၂၀၁၀ ခုနှစ်အတွင်းက ဘင်ဖီကာမှ ချယ်လ်ဆီးသို့ ရောက်ရှိလာသူဖြစ်ပြီး ၎င်းက ဘင်ဖီကာအသင်းသည် ကြီးမားသည့်သမိုင်းကြောင်းနှင့် နည်းပြကောင်းရှိသည့်ကလပ်အသင်းတစ်သင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ပယ်လီဂရီနီ လက်ထက်၌ ပိုပျော်သည်ဟု အဂူရိုဆို

မန်စီးတီးအသင်း၏ တိုက်စစ်မှူးအဂူရိုက သူသည် ယခင်နည်းပြ အီတလီလူမျိုးမန်စီနီ၏လက်အောက်တွင်ကစားရသည်ထက် လက်ရှိချီလီလူမျိုးနည်းပြ ပယ်လီဂရီနီ၏ လက်အောက်တွင်ကစားရသည်ကို ပိုမိုပျော်ရွှင်ကြောင်း ပြောကြားခဲ့သည်။ အဂူရိုက "မန်စီနီဟာ ကျွန်တော့်ကို တောင်ပံထွက်ကစားခိုင်းသလို အဓိကတိုက်စစ်မှူးရဲ့နောက် ဂိုးရှေ့ယာနားမှာပဲ ဝန်းရံကစားခိုင်းပါတယ်။ ပယ်လီဂရီကတော့ တွဲဖက်တိုက်စစ်မှူးနဲ့အတူ ယှဉ်တွဲပြီးကစားခိုင်းပါတယ်"ဟု ပြောကြားခဲ့သည်။

## ဘင်အာဖာကို သက်တမ်း တိုးရန် နယူးကာဆယ်စီစဉ်

နယူးကာဆယ်အသင်းသည် အသင်း၏ ပြင်သစ်ကွင်းလယ်လူ ဘင်အာဖာကို စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်လျက်ရှိနေကြောင်းသိရှိရသည်။ နယူးကာဆယ်အသင်းတာဝန်ရှိသူများသည် ဇူလိုင်လကတည်းကဘင်အာဖာ၏ ကိုယ်စားလှယ်များကို စာချုပ်သက်တမ်းတိုးရန် ဆက်သွယ်ထားပြီး ယခု ဆွေးနွေးမှုများ စတင်ရန် စီစဉ်နေကြောင်း သိရှိရသည်။ ဘင်အာဖာသည် နယူးကာဆယ်အသင်းသို့ ၂၀၁၀ခုနှစ်က ရောက်ရှိလာခဲ့သူဖြစ်ပြီး သူ၏လက်ရှိစာချုပ်မှာ ၂၀၁၅ အထိ သက်တမ်းရှိနေသည်။

## Short

❒ လီဗာပူးလ်အသင်းနည်းပြ ဘရန်ဒန်ရော်ဂျာက အသင်း၏ ဒိန်းမတ်လက်ရွေးစင်နောက်ခံလူ ဒန်နီယယ်အဂ္ဂါအား ရောင်းချသွားမည်မဟုတ်ဟု ပြောကြားခဲ့သည်။ ရော်ဂျာက အဂ္ဂါမှာ အရည်အသွေးရှိ နောက်ခံလူတစ်ဦးဖြစ်ပြီး လီဗာပူးလ်နောက်တန်းတွင် ကိုလိုတိုရေးနှင့် အတွဲအဖက်မိနေပြီဟု ပြောကြားခဲ့သည်။

❒ အာဆင်နယ်အသင်း ခေါ်ယူခဲ့သည့် ပြင်သစ်ကွင်းလယ်လူ ဖလာမီနီက အာဆင်နယ်ပရိသတ်များသည် မိမိ၏ အကောင်းဆုံးခြေစွမ်းကို မကြာမီတွေ့မြင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဖလာမီနီသည် လွန်ခဲ့သည့် (၅)နှစ်က အာဆင်နယ်မှ စီးရီးအေကလပ် အေစီမီလန်သို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး ခြေစွမ်းအကောင်းဆုံးအချိန်တွင် အသင်းပြောင်းခဲ့ပြီး ခြေစွမ်းကျဆင်းမှ အာဆင်နယ်သို့ပြန်ရောက်ရှိလာသည်ဟု ဝေဖန်မှုများရှိနေသဖြင့် ၎င်းက ယင်းကဲ့သို့ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

❒ မန်ယူအသင်း၏ ဘရာဇီးလ်ကွင်းလယ်လူ အန်ဒါဆန်က သူ့အနေဖြင့် မန်ယူအသင်းတွင် ပုံမှန်နေရာပြန်လည်ရရှိရန် ကြိုးစားရမည်ကို သိနားလည်ထားကြောင်း ဝန်ခံပြောကြားခဲ့သည်။ အန်ဒါဆန်က အသင်းတွင် ပွဲများများကစားခွင့်ရရန် ဆန္ဒရှိနေကြောင်းနှင့် ဒဏ်ရာကင်းရှင်းပြီး ကြံ့ခိုင်မှုပြည့်ဝစေရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## အိုးလ်ထရက်ဖို့ဒ်ကွင်းအနီးရှိ လမ်းတစ်လမ်းအား ဆာအဲလက်စ်ဖာဂူဆန်လမ်းဟု အမည်ပေးမည်



Photo : AFP

မန်ယူအသင်း၏ အိမ်ကွင်းဖြစ်သည့် အိုးလ်ထရက်ဖို့ဒ်ကွင်းအနီးရှိ လမ်းတစ်လမ်းအား ဆာအဲလက်စ်ဖာဂူဆန်လမ်းဟု အမည်ပေးရန် ထရက်ဖို့ဒ်ကောင်စီမှ စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

မန်ချက်စတာဒေသခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် ထရက်ဖို့ဒ်ကောင်စီက မန်ယူအသင်းတွင် ဖာဂူဆန်၏စွမ်းဆောင်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် အိုးလ်ထရက်ဖို့ဒ်ကွင်းအနီးရှိ ဝေါ်တာရိခ်ျလမ်းအား ဆာအဲလက်စ်ဖာဂူဆန်လမ်းဟု အမည်ပြောင်းလဲရန် စီစဉ်နေခြင်းလည်းဖြစ်သည်။ ထို့ပြင် လာမည့်အောက်တိုဘာ (၁၄) ရက်နေ့၌ ဖာဂူဆန်အား ဂုဏ်ထူးဆောင်ဆုတစ်ဆုချီးမြှင့်သွားရန် စီစဉ်နေကြောင်းလည်းသိရှိရသည်။ ဖာဂူဆန်က ထရက်ဖို့ဒ်ကောင်စီ၏ ဂုဏ်ပြုမှုကို ဝမ်းမြောက်ဝမ်းသာလက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထရက်ဖို့ဒ်ကောင်စီသည် မန်ယူအသင်း၏ နည်းပြဟောင်းတစ်ဦးဖြစ်သူ ဆာမတ်ဘတ်စ်ဘီကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် အိုးလ်ထရက်ဖို့ဒ်ကွင်းနားရှိ ဝါးဝစ်လမ်းကို ဆာမတ်ဘတ်စ်ဘီလမ်းဟု ၁၉၉၃ ခုနှစ်က အမည်ပေးခဲ့ဖူးသည်။

# စီးရီးအေလစာအမြင့်ဆုံးကစားသမားအဖြစ် ရိုးမားကွင်းလယ်လူဒီရော့ဆီရပ်တည်



ယခုရာသီစီးရီးအေတွင်

လက်ရှိစီးရီးအေပြိုင်ပွဲ၌ လစာအမြင့်ဆုံးရရှိထားသောကစားသမားစာရင်းတွင် ရိုးမားကွင်းလယ်လူဒီရော့ဆီက ထိပ်ဆုံးတွင်ရပ်တည်နေကြောင်း Goal.com မှ ဖော်ပြခဲ့သည်။ အသက်(၃၀)အရွယ်ရှိ အီတလီလက်ရွေးစင်အသင်း၏ကွင်းလယ်လူဒီရော့ဆီသည် ရိုးမားအသင်းတွင် တစ်နှစ်လစာယူရို(၆.၅)သန်းရရှိနေပြီး ဒုတိယလစာအမြင့်ဆုံးရရှိသူ နာပိုလီတိုက်စစ်မှူးဟီဂူအင်ထက် ယူရိုတစ်သန်းခန့်သာလွန်လျက်ရှိနေသည်။ ယခုစာရင်းတွင် ဖော်ပြချက်အရ စီးရီးအေလစာငွေအမြင့်ဆုံးကစားသမား(၁၂)ဦးစာရင်းတွင် ရိုးမားအသင်းနှင့် အေစီမီလန်အသင်းတို့မှ(၃)ဦးစီဖြင့် အများဆုံးပါဝင်နေကြောင်း သိရှိရသည်။

သို့ရာတွင် လက်ရှိစီးရီးအေလစာအမြင့်ဆုံးကစားသမားဖြစ်သော ဒီရော့ဆီ၏တစ်နှစ်လစာနှုန်းထားသည် ကမ္ဘာ့လစာအမြင့်ဆုံးကစားသမား(၁၀)ဦးစာရင်းအပြင်ဘက်တွင်သာရှိနေကြောင်း သိရှိရသည်။ လက်ရှိကမ္ဘာ့လစာအမြင့်ဆုံးကစားသမားများထဲတွင် နံပါတ်(၁၀)နေရာတွင်ရှိနေသော ချယ်လ်ဆီးတိုက်စစ်မှူးဖာနန်ဒိုတောရက်စ်ပင်လျှင် တစ်နှစ်လစာယူရို(၁၀.၈)သန်းရရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် လက်ရှိစီးရီးအေပြိုင်ပွဲသည် လွန်ခဲ့သည့်(၃)နှစ်ခန့်က ပြိုင်ပွဲကဲ့သို့ ကမ္ဘာကျော်ကစားသမားများကို မက်မောလောက်သည့်လစာငွေကြေးဖြင့်မဆွဲဆောင်နိုင်တော့ကြောင်း အီတလီမီဒီယာများက ဝေဖန်ရေးသားခဲ့ကြသည်။ လွန်ခဲ့သည့် ၂၀၀၉-၁၀ ဘောလုံးရာသီစီးရီးအေပြိုင်ပွဲ၏ လစာအမြင့်ဆုံးကစားသမားဖြစ်သော အင်တာမီလန်တိုက်စစ်မှူး အီတူးသည် တစ်နှစ်လစာယူရို(၁၀.၅)သန်းအထိရရှိခဲ့ပြီး ကမ္ဘာ့လစာအမြင့်ဆုံးကစားသမားစာရင်းတွင်ပါဝင်ခဲ့ကာ လစာအမြင့်ဆုံးကစားသမား(၁၀)ဦးစာရင်းတွင် နံပါတ်(၁၀)ဖြစ်သည့် ဂျူဗင်တပ်စ်တိုက်စစ်မှူး ဒယ်လ်ပီယာရိုသည် တစ်နှစ်လစာယူရို(၄.၅)သန်းရရှိခဲ့သည်။

## စီးရီးအေ၏လစာအမြင့်ဆုံးကစားသမား(၁၂)ဦး

| စဉ် | ကစားသမား(ကလပ်) | တစ်နှစ်လစာ(ယူရို) | စဉ် | ကစားသမား(ကလပ်) | တစ်နှစ်လစာ(ယူရို) |
|---|---|---|---|---|---|
| ၁။ | ဒီရော့ဆီ(ရိုးမား) | ၆.၅ သန်း | ၇။ | မာရီယိုဂိုးမက်ဇ်(ဖီအိုရင်တီးနား) | ၄.၂၅ သန်း |
| ၂။ | ဟီဂူအင်(နာပိုလီ) | ၅.၅ သန်း | ၈။ | ဘူဖွန်(ဂျူဗင်တပ်စ်) | ၄ သန်း |
| ၃။ | ဒီယေဂိုမီလီတို(အင်တာမီလန်) | ၅ သန်း | ၈။ | ဘာလိုတယ်လီ(အေစီမီလန်) | ၄ သန်း |
| ၄။ | ကမ်ဘီယာဆို(အင်တာမီလန်) | ၄.၅ သန်း | ၈။ | ကာကာ(အေစီမီလန်) | ၄ သန်း |
| ၄။ | ကားလို့စ်တီဗက်ဇ်(ဂျူဗင်တပ်စ်) | ၄.၅ သန်း | ၈။ | မက်ဆက်စ်(အေစီမီလန်) | ၄ သန်း |
| ၆။ | တော့တီ(ရိုးမား) | ၄.၅ သန်း | ၈။ | ဘော်ရီယယ်လို(ရိုးမား) | ၄ သန်း |

## ပေါ့ဘာ၊ ကန်ဒရီဗာတို့၏ တစ်နှစ်လစာယူရိုတစ်သန်းထက် မကျော်လွန်ခဲ့

Goal.com မှ လစာနည်းပါးစွာရရှိနေသည့် စီးရီးအေနာမည်ကျော်ကစားသမားများကို ဖော်ပြခဲ့ရာ ဂျူဗင်တပ်စ်ကွင်းလယ်ကြယ်ပွင့်ပေါ့ဘာ၊ လာဇီယိုအသင်း၏အဓိကကွင်းလယ်လူ ကန်ဒရီဗာ၊ နာပိုလီတောင်ပံကစားသမားဇူနီဂါ၊ ဖီအိုရင်တီးနားအသင်းတွင် ခြေစွမ်းပြနေသည့် ကူအာဒရာဒိုတို့လို နာမည်ကျော်ကစားသမားများပါဝင်နေကြောင်း သိရှိရသည်။ ပေါ့ဘာသည် ဂျူဗင်တပ်စ်အသင်းတွင် တစ်နှစ်လစာယူရိုတစ်သန်းခန့်သာရရှိနေပြီး အီတလီလက်ရွေးစင်ဖြစ်သူကန်ဒရီဗာမှာလည်း ရိုးမားအသင်းတွင် တစ်နှစ်လစာယူရို(၉)သိန်းခန့်သာရရှိနေခြင်းဖြစ်သည်။ ထို့အတူ နာပိုလီအသင်းမှ ဇူနီဂါမှာ တစ်နှစ်လစာယူရို(၈)သိန်းခန့်သာရရှိပြီး ဖီအိုရင်တီးနားအသင်းက ကူအာဒရာဒိုအား တစ်နှစ်လစာယူရို(၆)သိန်းခန့်သာ ပေးချေနေကြောင်း သိရှိရသည်။

## အီတလီလက်ရွေးစင်ဂိုးသမားဘူဖွန် နိုင်ငံတကာပွဲ(၁၃၆)ပွဲပြည့်မြောက်

အီတလီလက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်ဖြစ်သူဘူဖွန်သည် ချက်အသင်းနှင့်ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နိုင်ငံတကာပွဲ(၁၃၆)ပွဲပြည့်မြောက်ခဲ့ကြောင်း သိရှိရသည်။ အသက်(၃၅)နှစ်အရွယ်ရှိဘူဖွန်သည် ၁၉၉၇ ခုနှစ်မှစတင်၍ လက်ရွေးစင်အသင်းတွင်စတင်ကစားခဲ့ပြီး ယခုအခါဂန္တဝင်နောက်ခံလူ ဖေဘီယိုကင်နာဗာရိုနှင့်အတူ အီတလီလက်ရွေးစင်အသင်းသမိုင်းတစ်လျှောက်တွင် နိုင်ငံတကာပွဲအများဆုံးကစားထားသည့်ကစားသမားဖြစ်လာခဲ့ပြီဖြစ်သည်။ နိုင်ငံတကာပွဲ(၁၃၆)ပွဲပြည့်မြောက်သည့်ပွဲစဉ်၌ ချက်အသင်းကိုအနိုင်ရရှိပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့်အတွက် ဘူဖွန်ကဂုဏ်ယူကျေနပ်မိကြောင်း ပြောကြားခဲ့သည်။ ဘူဖွန်အနေဖြင့် လာမည့်ကမ္ဘာ့ ဖလားပြိုင်ပွဲတွင်ပါဝင်ခဲ့ပါက အီတလီအသင်း၏နိုင်ငံတကာပွဲအများဆုံးကစားသည့် ကစားသမားဖြစ်လာမည်ဖြစ်သည်။

## စီးရီးအေတွင် ဂျူဗင်တပ်စ်အသင်း လစာငွေအများဆုံးပေးချေထား

လက်ရှိစီးရီးအေပြိုင်ပွဲ၌ ဂျူဗင်တပ်စ်အသင်းသည် ကစားသမားများကို တစ်နှစ်လျှင် လစာယူရို(၄၉.၈)သန်းအထိ ပေးချေနေရပြီး လစာငွေအများဆုံးပေးချေထားသည့်အသင်းဖြစ်ကြောင်း သိရှိရသည်။ ဂျူဗင်တပ်စ်အသင်းတွင် လစာအမြင့်ဆုံးပေးချေထားရသူများမှာ တီဗက်ဇ်(ယူရို ၄.၅ သန်း)၊ ဘူဖွန်(ယူရို ၄ သန်း)၊ ပီယာလိုနှင့်ဗီဒယ်လ်(တစ်ဦးလျှင် ယူရို ၃.၅ သန်းစီ)တို့ဖြစ်သည်။ အေစီမီလန်အသင်းက တစ်နှစ်လျှင် လစာယူရို(၄၇.၉၄)သန်းပေးချေထားပြီး ဒုတိယလစာငွေအများဆုံးပေးချေထားသည့်အသင်းဖြစ်သည်။ နာပိုလီအသင်းနှင့် ရိုးမားအသင်းတို့သည်လည်း ယခုရာသီတွင်ကစားသမားသစ်များခေါ်ယူထားခြင်းကြောင့် လစာငွေပေးချေမှုနှုန်းထားများမြင့်တက်လာကြောင်း သိရှိရသည်။

## BRIEF

❒ ရော်လ်ကာအသင်း၏ဘဏ္ဍာရေးအရာရှိပီတာပီတာစ်သည် အေစီမီလန်အသင်းမှ ဘိုတန်ထွက်ခွာရခြင်းသည် စီးရီးအေ၌လူမျိုးရေးခွဲခြားမှုကို စိတ်ပျက်၍ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းနှင့်ပတ်သက်ပြီး ပြန်လည်တောင်းပန်ခဲ့သည်။

❒ ဂျူဗင်တပ်စ်အသင်းနောက်ခံလူကာဆာရက်စ်သည် ဒူးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် ရက်(၄၀)ခန့် အနားယူရတော့မည်ဖြစ်သည်။

❒ အေစီမီလန်အသင်း၏လူငယ်ကြယ်ပွင့်တိုက်စစ်မှူး အယ်လ်ရာရာဝီက ဘရာဇီးလ်တိုက်စစ်မှူးနေမာသည် ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်ကြောင်း ချီးကျူးခဲ့သည်။

❒ ချက်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အပိုင်ဂိုးသွင်းခွင့်များစွာကို ဖြုန်းတီးပစ်ခဲ့သည့် အီတလီတိုက်စစ်မှူး ဘာလိုတယ်လီက ၎င်းသည် ယခင်က ယခုလောက်အထိ ဂိုးသွင်းခွင့်များမလွဲချော်ဖူးကြောင်း ဝန်ခံခဲ့သည်။

❒ ဂျူဗင်တပ်စ်အသင်း၏အထွေထွေမန်နေဂျာ မာရော့တာက ဝါရင့်ကွင်းလယ်လူပီယာလိုကို အေစီမီလန်အသင်းထံမှခေါ်ယူနိုင်ခဲ့ခြင်းအတွက် အံ့သြစရာကောင်းကြောင်း ပြောကြားခဲ့သည်။

❒ နာပိုလီအသင်းနည်းပြဘင်နီတက်ဇ်သည် အသင်းမှ ဆွစ်ဇာလန်ကစားသမားများဖြစ်သော ဘဟာမီအင်လာနှင့် ဒီဇီမယ်လီတို့၏ခြေစွမ်းကို ချီးကျူးပြောကြားလိုက်သည်။

Premier Eleven Sports Journal Vol:11 No.3 15, September, 2013

# ရီးယဲလ်မက်ဒရစ်အသင်းကမ္ဘာ့အချမ်းသာဆုံးအသင်းဖြစ်နေဆဲ


Photo:AFP



ကမ္ဘာကျော်စီးပွားရေးမဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Forbes ၏ထုတ်ပြန်ကြေညာမှုအရ လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ကမ္ဘာ့အချမ်းသာဆုံးအသင်းအဖြစ် ဆက်ရှိနေဆဲဖြစ်ကြောင်းသိရှိရသည်။

ပြီးခဲ့သည့်ရာသီကရရှိခဲ့သည့် ဝင်ငွေများအပေါ် အခြေပြုတွက်ချက်ခဲ့သည့် ယခုစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း၏တန်ဖိုးမှာ ယူရို(၂.၅၇၅)ဘီလီယံ (ဒေါ်လာ ၃.၃ ဘီလီယံ)အထိ ဝင်ငွေရှိခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ ယင်းအတွက်ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းသည် ကမ္ဘာ့အချမ်းသာဆုံးအသင်းအဖြစ် အစိကပြိုင်ဘက်မန်ယူအသင်းကို ဆက်လက်အသာရနေဆဲဖြစ်ပြီး ယင်း(၂)သင်းအကြား တန်ဖိုးကွာဟမှုမှာမူ များစွာကျဉ်းမြောင်းလာခဲ့ကြောင်း သိရှိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်ရာသီက ဝင်ငွေဒေါ်လာသန်း(၆၅၀)အထိ ဝင်ငွေရရှိခဲ့ပြီး ယင်းဝင်ငွေမှာ ပြီးခဲ့သည့်(၃)နှစ်က ဝင်ငွေနှင့်နှိုင်းယှဉ်ပါက (၆၂)ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ မန်ယူအသင်းသည် ဒုတိယနေရာ၌သာ ဆက်လက်ရပ်တည်နိုင်ခဲ့သော်လည်း စိတ်ပျက်စရာမဖြစ်ခဲ့ဘဲ ပြီးခဲ့သည့်ရာသီကနှင့် နှိုင်းယှဉ်လျှင်ပင် အသင်းလိုက်တန်ဖိုးမှာ ဒေါ်လာ(၃.၁၇)ဘီလီယံအထိ ရှိလာခဲ့ကြောင်းသိရှိရသည်။ မန်ယူအသင်း၏ ပြီးခဲ့သည့်နှစ်တန်ဖိုးမှာ ဒေါ်လာ (၂.၂၃)ဘီလီယံသာရှိခဲ့ရာမှ ယခုနှစ်တွင် အသင်းတန်ဖိုးမှာ ဒေါ်လာ(၁)ဘီလျံအထိ တိုးလာခဲ့ခြင်းဖြစ်သည်။ တတိယနေရာတွင်ရပ်တည်ခဲ့သည့် ဘာစီလိုနာအသင်း၏ တန်ဖိုးမှာလည်း တိုးမြင့်လာခဲ့ပြီး ဒေါ်လာ(၂.၆)ဘီလီယံအထိရှိလာခဲ့ကြောင်း သိရှိရသည်။

ယင်းစာရင်းတွင် ဘောလုံးလောကမှ ဥရောပထိပ်တန်းအသင်းများက ဦးဆောင်နေပြီး အမေရိကန်မှအချမ်းသာဆုံးအသင်းများဖြစ်သည့် ဘေ့စ်ဘောကလပ် နယူးယောက်ယန်းကီးစ်မှာ ဒေါ်လာ(၂.၃)ဘီလီယံဖြင့် အဆင့်(၄)နေရာ၊ အမေရိကန်ဘောလုံး(NFL) ကလပ် ဒဲလက်စ်ကောင်းဘွိုင်းစ်အသင်းက အဆင့်(၅)နေရာတွင်ရပ်တည်လျက်ရှိသည်။ အခြားအားကစားနည်းများထဲတွင် ဖော်မြူလာဝမ်းအသင်းတစ်သင်းဖြစ်သည့် ဖာရာရီက အသင်းတန်ဖိုး ဒေါ်လာ(၁.၁၅) ဘီလီယံဖြင့်အဆင့်(၂၀)နေရာတွင်ရပ်တည်နေပြီး အမေရိကန်ဟော်ကီကလပ် တိုရွန်တိုအသင်းက အဆင့်(၃၁)နေရာတွင်ရပ်တည်လျက်ရှိသည်။ ယခုနှစ်အတွက် အချမ်းသာဆုံးအသင်း(၅၀)စာရင်းတွင် ဘောလုံးအသင်းများက ဦးဆောင်ခဲ့သော်လည်း အမေရိကန်အခြေစိုက်အသင်းများက (၃၂)သင်းအထိပါဝင်ခဲ့သည်။

## စီရော်နယ်လ်ဒိုကို စာချုပ်သက်တမ်းတိုးရန် ရီးယဲလ်မက်ဒရစ်အသင်းစီစဉ်နေ

ရီးယဲလ်မက်ဒရစ်အသင်းသည် ၎င်းတို့အသင်း၏ တောင်ပံကစားသမားစီရော်နယ်လ်ဒိုအား စံချိန်တင်လစာနှုန်းထားတစ်ရပ်ဖြင့် စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိကြောင်းသိရှိရသည်။ ယခုအခါ ရီးယဲလ်မက်ဒရစ်အသင်းနှင့် စီရော်နယ်လ်ဒို၏ အေးဂျင့်ဖြစ်သူ ဂျော့ချ်မန်ဒက်စ်တို့သည် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် စီစဉ်နေပြီး အမြန်ဆုံးစာချုပ်ချုပ်ဆိုသွားရန် စီစဉ်လျက်ရှိသည်။ အသင်းဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်ဇ်ကလည်း စီရော်နယ်လ်ဒိုကို ကမ္ဘာ့စံချိန်တင်လစာငွေပေးချေရန်အသင့်ရှိသည်ဟု ဆိုထားဖူးသည်။

## ဘာစီလိုနာအသင်း တီကီတာကာနှင့် လမ်းခွဲဖွယ်ရှိလာဟု ပီကေးဝန်ခံ

ဘာစီလိုနာအသင်း၏ နောက်ခံလူ ပီကေးကမိမိတို့အသင်းသည် နည်းပြသစ်မာတီနိုလက်ထက်တွင် တီကီတာကာ ဘောလုံးဒဿနကို စွန့်ခွာပြီး ပိုမိုကောင်းမွန်သည့် နည်းလမ်းများဆီသို့ ဦးတည်နေပြီဟု ဝန်ခံပြောကြားသွားခဲ့သည်။ ပီကေးက "ကျွန်တော်တို့အသင်း စတင်ခဲ့တဲ့ ဘောလုံးဒဿနတစ်ခုကို ကျွန်တော်တို့ ပြန်စွန့်ခွာဖို့ အသင့်ဖြစ်နေပါပြီ။ ဒီကစားဟန်ဟာ ဘောလုံးသမိုင်းမှာ အကောင်းဆုံးဖြစ်ခဲ့ပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့တယ်ဆိုတာသေချာပါတယ်။ အခုနည်းပြသစ်လက်ထက်မှာတော့ ကျွန်တော်တို့က နောက်ထပ်ပုံစံသစ်တွေဆီကို ဦးတည်နေပါပြီ"ဟုပြောကြားခဲ့သည်။

## ဖယ်လ်ကာအိုနေရာတွင် အစားထိုးရန်ရောက်လာခြင်းမဟုတ်ဟု ဒေးဗစ်ဗီလာဆို

အက်သလက်တီကိုမက်ဒရစ်အသင်း၏ တိုက်စစ်မှူး ဒေးဗစ်ဗီလာက မိမိသည် အက်သလက်တီကိုအသင်းထံသို့ ဖယ်လ်ကာအိုနေရာတွင်အစားထိုးရန် ရောက်လာခြင်းမဟုတ်သလို၊ ဖယ်လ်ကာအို ပရိသတ်များမေ့သွားအောင် စွမ်းဆောင်ရန်လည်းမလိုအပ်ကြောင်းပြောကြားခဲ့သည်။ ဒေးဗစ်ဗီလာက "ကျွန်တော်က ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်ဒီအသင်းကို ရောက်လာတာပါ။ ကျွန်တော့်ရဲ့ တစ်ဦးချင်းအောင်မြင်မှုတွေနဲ့ အသင်းရဲ့ အောင်မြင်မှုတွေအတွက် ရောက်လာတာဖြစ်ပါတယ်။ ဖယ်လ်ကာအိုနေရာကို အစားထိုးဖို့ရောက်လာတာမဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

## အလွန်ဆိုကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန် ဂျူဗင်တပ်စ်စိတ်ဝင်စား

ဂျူဗင်တပ်စ်အသင်းသည် ရီးယဲလ်မက်ဒရစ်အသင်း၏ စပိန်ဝါရင့်ကွင်းလယ်လူ အလွန်ဆိုကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန် စိတ်ဝင်စားနေကြောင်းသိရှိရသည်။ အလွန်ဆိုသည် ယခုအချိန်တွင် ဒဏ်ရာပြဿနာကြောင့်အနားယူနေရသူဖြစ်ပြီး ပြန်ကစားနိုင်လျှင်လည်း ပုံမှန်နေရာအတွက် ရုန်းကန်ရဖွယ်ရှိနေသည်။ အလွန်ဆိုကိုယ်တိုင်ကလည်း ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်း၌ ပုံမှန်ပွဲထွက်ခွင့်ရရန်အတွက် ပုံမှန်ကစားခွင့်ရမည့်ကလပ်အသင်းတစ်သင်းကို ပြောင်းရွှေ့လိုနေသည်ဟု စပိန်မီဒီယာများကဆိုနေသည်။



Premier Eleven Sports Journal Vol:11 No.3 15, September, 2013

*မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေတဲ့ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွေကို ပြီးခဲ့တဲ့စက်တင်ဘာ(၉)ရက်ကစပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏာကွင်းမှာကျင်းပလျက်ရှိပါတယ်။ အိမ်ရှင်မြန်မာအသင်းဟာ ပွဲဦးထွက်ပွဲစဉ်မှာ လာအိုအသင်းကို ဂိုးပြတ်အနိုင်ယူပြီး တာထွက်လှခဲ့ပါတယ်။ နာမည်ကြီးဩစတြေးလျယူ-၁၉ အသင်းကတော့ နိုင်ပွဲရခဲ့ပေမယ့် မလေးရှားအသင်းကို ခက်ခက်ခဲခဲကစားခဲ့ရပြီး ချီယက်နမ်ကိုသရေကျခဲ့တဲ့ ထိုင်းအသင်းဟာလည်း ဂျော်ဒန်အသင်းကို ဂိုးပြတ်အနိုင်ကစားကာ နိုင်ပွဲစတင်ရရှိခဲ့ပါတယ်။*

# လာအိုကို ဂိုးပြတ်သွင်းပြီး အဖွင့်လှခဲ့တဲ့ အိမ်ရှင်မြန်မာ

## အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များသုံးသပ်ချက်



မြန်မာအသင်းတိုက်စစ်မှူးခင်မာလာထွန်း လာအိုအသင်းဘက်သို့ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းနေစဉ် (ဓာတ်ပုံ-ညီညီစိုးညွန့်)

### လာအို ၀-၅ မြန်မာ

အိမ်ရှင်မြန်မာအသင်းကတော့ လာအိုအသင်းကို ဂိုးပြတ်အနိုင်ကစားပြီး အဖွင့်လှခဲ့ပါတယ်။ ခြေစွမ်းပိုင်းအရတော့ မြန်မာအသင်းဟာ လိုအပ်ချက်တွေရှိနေသေးပေမယ့် ဒုတိယပိုင်းမှာ (၄)ဂိုးအထိသွင်းယူပြီး ဂိုးပြတ်အနိုင်ရရှိခဲ့တာလည်းဖြစ်ပါတယ်။ မြန်မာအသင်းဟာ စန်းစန်းမော်၊ သန်းသန်းထွေး၊ မိုးမိုးဝါစတဲ့အမာခံကစားသမားတွေနဲ့ ပွဲထွက်လာခဲ့ပြီး ခင်မာလာထွန်းကိုတော့ ဒုတိယပိုင်းကျမှ အသုံးပြုခဲ့ပါတယ်။ မြန်မာအသင်းဟာ ပွဲစကတည်းက ခြေအသာ




နဲ့တောက်လျှောက်ဖိကစားနိုင်ခဲ့ပေမယ့် တိုက်စစ်ပိုင်းမှာ အချိတ်အဆက်လွဲချော်နေတာကြောင့် ပထမပိုင်းမှာ သွင်းဂိုး (၁)ဂိုးပဲရှိခဲ့ပါတယ်။ မြန်မာအသင်းဟာ အဖွင့်ပွဲဆိုရင် ရန်းကန်ရလေ့ရှိပြီး မိနစ်(၃၀)မှာရရှိခဲ့တဲ့ စန်းစန်းမော်ရဲ့အဖွင့်ဂိုးကတော့ မြန်မာအသင်းအတွက် ယုံကြည်မှုရရှိစေခဲ့တဲ့ဂိုးပဲဖြစ်ခဲ့ပါတယ်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကိုတော့ ပယ်နယ်တီမှတ်ဆင့် စန်းစန်းမော်က သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ သန်းသန်းထွေးအစား ခင်မာလာထွန်းဝင်လာလို့ မြန်မာအသင်းတိုက်စစ်ကစားပုံပိုကောင်းလာပြီး(၅၃)မိနစ်မှာ ခင်မာလာထွန်းက ဒုတိယဂိုးသွင်းယူပေးခဲ့ပါတယ်။ မြန်မာအသင်းအတွက် အနိုင်ဂိုးတွေကိုတော့ (၇၆)မိနစ်မှာ ရီရီဦး၊ (၇၉)မိနစ်နဲ့(၈၁)မိနစ်တွေမှာ ခင်မိုးဝေတို့ကထပ်မံသွင်းယူပေးခဲ့ပါတယ်။မြန်မာအသင်းဟာ အခုပွဲအနိုင်ရရှိခဲ့လို့ ဆီမီးဖိုင်နယ်ကို တက်ရောက်ဖို့အတွက် ယုံကြည်မှုရရှိသွားပြီလို့ ဆိုရမှာပါ။ မြန်မာအသင်းဟာ ဂိုးပြတ်နိုင်ထားတဲ့ဖိလစ်ပိုင်နဲ့ထပ်မံကစားရမှာဖြစ်ပါတယ်။

### မလေးရှား ၀-၁ ဩစတြေးလျ

နာမည်ကြီးဩစတြေးလျယူ-၁၉ အသင်းအနေနဲ့ ပွဲချိန်ပြည့်နီးပါးဖိကစားနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းကတော့သာမန်ပဲရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ဂိုးရဖို့ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းမှာသွင်းယူခဲ့တဲ့ဂိုး(၁)ဂိုးနဲ့ပဲ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ မလေးရှားအသင်းထက်အရပ်အမောင်းရော ဘောလုံးကစားပုံပါသာလွန်နေတဲ့ ဩစတြေးလျအသင်းဟာ အခုထက်ဂိုးပိုရသင့်ပေမယ့် တိုက်စစ်ပိုင်းအဆုံးသတ်အားနည်းမှုတွေကြောင့် (၁)ဂိုးထက်ပိုပြီးမရခဲ့တာလည်းဖြစ်ပါတယ်။ အပိုင်အခွင့်ရေးများစွာကို လွဲချော်ခဲ့သလို (၆၄)မိနစ်မှာရရှိတဲ့ ပယ်နယ်တီကိုလည်း အသင်းခေါင်းဆောင်ဘရစ်တနီဝင်အောင်မသွင်းနိုင်ခဲ့ပါဘူး။ ပယ်နယ်တီမဝင်ခဲ့ပေမယ့် (၇၄)မိနစ်မှာတော့ ဘရစ်တနီကဩစတြေးလျအသင်းအတွက်အနိုင်ဂိုးသွင်းယူပေးခဲ့ပါတယ်။ ဩစတြေးလျအသင်းရဲ့လက်ရှိခြေစွမ်းကြောင့် နောက်တစ်ဆင့်တက်ဖို့ လက်ရှိချန်ပီယံဗီယက်နမ်၊ ထိုင်းအသင်းတို့နဲ့အကြိတ်အနယ်ယှဉ်ပြိုင်ရဖွယ်ရှိနေပါတယ်။

**အခြားပွဲရလဒ်များ**

ဖိလစ်ပိုင် ၆-၀ အင်ဒိုနီးရှား

ဂျော်ဒန် ၀-၄ ထိုင်း

Premier Eleven Sports Journal Vol:11 No.3 15, September, 2013

# မြန်မာဒိုင်လူကြီးဦးဝင်းထွဋ်၏ဆုံးဖြတ်ချက်များအပေါ် ဝေဖန်မှုများပြုလုပ်ခဲ့၍ စင်ကာပူအသင်းနည်းပြဆန်ဒရာမော်သီ မြန်မာနှင့်ပွဲတွင် ကိုင်တွယ်ကြီးကြပ်ခွင့် မရခဲ့

(၄၁)ကြိမ်မြောက်၊ မာဒေးကားမလားဘောလုံးပြိုင်ပွဲ(41st Merdeka Tournamet)ကို ပြီးခဲ့သည့်စက်တင်ဘာ(၇)ရက်မှစ၍ ပါဟန်းပြည်နယ်၊ ကွမ်တန်မြို့တွင် ကျင်းပပြုလုပ်နေလျက်ရှိရာ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှဒိုင်လူကြီးဖြစ်သူ ဦးဝင်းထွဋ်က တာဝန်ထမ်းဆောင်နေလျက်ရှိကြောင်း သိရသည်။ မြန်မာဒိုင်လူကြီးဦးဝင်းထွဋ်သည် ပြီးခဲ့သည့် စက်တင်ဘာ(၉)ရက်က ထိုင်းပရီးမီးယားလိဂ်လက်ရွေးစင်(Thai Premier league All Stars)အသင်းနှင့် စင်ကာပူယူ-၂၃ အသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းပွဲတွင် ကွင်းလယ်ဒိုင်လူကြီးဦးဝင်းထွဋ်၏ဆုံးဖြတ်ချက်များအပေါ် ဝေဖန်စောဒကတက်ခဲ့သည့် စင်ကာပူယူ-၂၃ အသင်းနည်းပြဖြစ်သူဆန်ဒရာမော်သီ(Sundramoorthy)ကိုမလေးရှားဘောလုံးအဖွဲ့ချုပ်(FAM)က (၁)ပွဲပယ်ဖြစ်ဒဏ်ချမှတ်ခဲ့၍ ဆန်ဒရာမော်သီမှာ မြန်မာနှင့်စင်ကာပူအသင်းတို့ကစားခဲ့သည့် အုပ်စုနောက်ဆုံးပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ကြီးကြပ်ခွင့်မရခဲ့ကြောင်း သိရသည်။

ယင်းပွဲတွင် ဆန်ဒရာမော်သီသည် ကွင်းလယ်ဒိုင်လူကြီးဦးဝင်းထွဋ်၏ဆုံးဖြတ်ချက်များအပေါ် ကျေနပ်မှုမရှိသောကြောင့် ပွဲကစားချိန်(၇၁)မိနစ်၌ နည်းပြခုံတန်းမှထ၍ အော်ဟစ်ဝေဖန်ပြောဆိုမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ထို့ကြောင့် ဦးဝင်းထွဋ်သည် နည်းပြဆန်ဒရာမော်သီကို စင်ကာပူအသင်းအား ဆက်လက်ကြီးကြပ်ခွင့်မပြုတော့ဘဲ ကွင်းအတွင်းမှထွက်ခွာသွားရန် နိုင်းစေခဲ့ကြောင်း သိရသည်။ FAM မှတာဝန်ရှိသူများသည် အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် မြန်မာ-စင်ကာပူပွဲမတိုင်မီ (၁)ရက်အလိုဖြစ်သည့် စက်တင်ဘာ(၁၀)ရက်က ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြိုင်ပွဲကြီးကြပ်သူနှင့်ဒိုင်တို့၏အစီရင်ခံစာများကို ပြန်လည်လေ့လာခဲ့ကာ ဆန်ဒရာမော်သီကို (၁)ပွဲပယ်ဖြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဆန်ဒရာမော်သီသည် ပြီးခဲ့သည့် စက်တင်ဘာ(၁၁)ရက်ကယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာ-စင်ကာပူပွဲကို ကိုင်တွယ်ကြီးကြပ်ခွင့်မရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ပရိသတ်ဝင်ရောက်မှုနည်းပါး၍ လက်မှတ်ဈေးနှုန်းများလျှော့ချ

မလေးရှားဘောလုံးအဖွဲ့ချုပ်(FAM)သည် မာဒေးကားပြိုင်ပွဲကို လာရောက်ကြည့်ရှုသည့် ပရိသတ်အရေအတွက်နည်းပါးသောကြောင့် အုပ်စုနောက်ဆုံးပွဲစဉ်များမတိုင်မီ လက်မှတ်ဈေးနှုန်းများကိုလျှော့ချခဲ့ကြောင်း သိရသည်။ FAM သည် အုပ်စုနောက်ဆုံးနေ့၏ မလေးရှား-ထိုင်းပွဲမှ ရင်းဂစ်(၂၀)တန်ဈေးနှုန်းကို အခမဲ့အဖြစ်လည်းကောင်း၊ ရင်းဂစ်(၅၀)တန်ကို အထူးတန်းပွဲကြည့် စင်၌လည်းကောင်း၊ အုပ်စုနောက်ဆုံးနေ့၏အခြားပွဲတစ်ပွဲဖြစ်သည့် မြန်မာ-စင်ကာပူပွဲမှ ရင်းဂစ်(၂၀)တန်ဈေးနှုန်းကို အခမဲ့အဖြစ်လည်းကောင်း၊ ရင်းဂစ်(၂၅)တန်ဈေးနှုန်းကို အထူးတန်းပွဲကြည့်စင်၌လည်းကောင်း ကြည့်ရှုခွင့်ရရန် လျှော့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အတူ FAM သည် လာမည့်စက်တင်ဘာ(၁၄)ရက်တွင်ကစားမည့် တတိယနေရာလုပွဲနှင့်ဗိုလ်လုပွဲတို့မှ ရင်းဂစ်(၂၀)တန်ဈေးနှုန်းကို အခမဲ့အဖြစ်လည်းကောင်း၊ ရင်းဂစ်(၅၀)တန်ဈေးနှုန်းကို အထူးတန်းပွဲကြည့်စင်၌လည်းကောင်း ကြည့်ရှုခွင့်ရရန် လျှော့ချထားကြောင်းလည်း သိရသည်။

## ဗိုလ်လုပွဲအတွက်ရည်ရွယ်၍ ကစားသမားများကို ကင်မ်ဆွီး အနားပေးခဲ့

မလေးရှားယူ-၂၃ အသင်းနည်းပြဖြစ်သူကင်မ်ဆွီးသည် ဗိုလ်လုပွဲအတွက်ရည်ရွယ်၍ သူ၏အသင်းမှအမာခံကစားသမားအချို့ကို အနားပေးခဲ့ကြောင်း သိရသည်။ မလေးရှားအသင်းသည် စင်ကာပူအသင်းကို(၁-၀)ဂိုး၊ မြန်မာအသင်းကို(၂-၁)ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ထိုင်းပရီးမီးယားလိဂ်လက်ရွေးစင်အသင်းနှင့်ကစားရမည့် အုပ်စုနောက်ဆုံးပွဲမတိုင်မီ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ကင်မ်ဆွီးသည် ပြီးခဲ့သည့် စက်တင်ဘာ(၁၁)ရက်က အုပ်စုနောက်ဆုံးပွဲအဖြစ်ကစားခဲ့သည့် ထိုင်းပရီးမီးယားလိဂ်လက်ရွေးစင်အသင်းနှင့်ပွဲတွင် အမာခံကစားသမားအချို့ကို အနားပေးခဲ့ကြောင်း သိရသည်။ ယင်းပွဲတွင် တိုက်စစ်မှူးဖြစ်သူသာမေးလ်အာရာဆူ(Thamil Arasu)မှာ (၁)ပွဲပယ်ဖြစ်ဒဏ်ကြောင့် ပါဝင်ကစားခဲ့ခြင်းမရှိသလို ကွင်းလယ်လူဝမ်နော(Wan Noor)နှင့်နောက်တန်းလူကေ-ရူဘင်(K-Reuben)တို့ (၂)ဦးကိုလည်း ဒဏ်ရာအကြောင်းပြချက်များဖြင့် အနားပေးခဲ့ကြောင်း သိရသည်။





မလေးရှားတိုက်စစ်မှူး၏ထိုးဖောက်မှုကို မြန်မာနောက်တန်းလူများဖြစ်သည့်အောင်ဟိန်းကျော်နှင့်ဇော်မင်းထွန်းတို့ ဟန့်တားနေစဉ်(Photo - Pestabolamerdeka.my)

စင်ကာပူနည်းပြဆန်ဒရာမော်သီ(Photo:Pestabolamerdeka.my)

## ခြေစမ်းပွဲတွင် ရန်ကုန်နှင့်ဇေယျာရွှေမြေ သရေကျ

၂၀၁၃ MNL Cup ပြိုင်ပွဲအကြိုအဖြစ် ရန်ကုန်ယူနိုက်တက်နှင့်ဇေယျာရွှေမြေအသင်းတို့သည် ပြီးခဲ့သည့်စက်တင်ဘာ(၁၁)ရက်က YUSC ကွင်းတွင် ခြေစမ်းကစားခဲ့ကြရာ(၁-၁)ဂိုးဖြင့်သရေကျခဲ့ကြောင်း သိရသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ခြေစမ်းပွဲ(၄)ပွဲယှဉ်ပြိုင်ကစားထားခဲ့ရာတွင် ဟံသာဝတီနှင့်(၁-၁)ဂိုး၊ နေပြည်တော်နှင့်(၂-၂)ဂိုးတို့ဖြင့် သရေကျခဲ့ပြီး ဇွဲကပင်ကို(၁-၀)ဂိုး၊ KBZ ကို(၃-၁)ဂိုးတို့ဖြင့် အနိုင်ရရှိထားကြောင်း သိရသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့်ရက်ပိုင်းအတွင်း၌ မနောမြေအသင်းနှင့်ထပ်မံခြေစမ်းကစားရန်လည်းစီစဉ်ထားကြောင်း သိရသည်။

## ထိပ်ဆုံးမှရတနာပုံနှင့်ရန်ကုန်အသင်းတို့ တွေ့ဆုံနေ

MNL လူငယ်အမှတ်ပေးဘောလုံးပြိုင်ပွဲ၊ ပွဲစဉ်(၁၁)ကို စက်တင်ဘာ(၁၃၊ ၁၄၊ ၁၅)ရက်များတွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံး၌အထက်အောက်ရပ်တည်ကာ ဦးဆောင်နေကြသည့် ရတနာပုံနှင့်ရန်ကုန်အသင်းတို့တွေ့ဆုံနေကြောင်း သိရသည်။ ပွဲစဉ်(၁၀)တွင် ရတနာပုံကမနောမြေကို(၅-၂)ဂိုး၊ ရန်ကုန်ကဟံသာဝတီကို(၂-၀)ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ကြသည်။

| | | |
|---|---|---|
| ၁၃-၉-၁၃ | မကွေး - KBZ | YUSC |
| | Southern - ဇေယျာဝတီ | စလင်း |
| ၁၄-၉-၁၃ | ဟံသာဝတီ - ဇွဲကပင် | YUSC |
| | မနောမြေ - ဇေယျာရွှေမြေ | စလင်း |
| ၁၅-၉-၁၃ | ရခိုင် - နေပြည်တော် | YUSC |
| | ရန်ကုန် - ရတနာပုံ | စလင်း |

## အခွင့်အရေးများကိုအသုံးမချနိုင်ခဲ့ဟု မလေးရှားယူ-၁၉ အသင်းနည်းပြ ပြောကြား



မြန်မာယူ-၁၉နှင့်ပွဲတွင်လူစားလဲလှယ်နေသည့်မလေးရှားကစားသမားတစ်ဦး(Photo: AFF)

၂၀၁၃ အာဆီယံယူ-၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (2013 AFF U-19 Youth Championship) ကို အင်ဒိုနီးရှားနိုင်ငံ၊ ဂရီဆစ်(Gresik)မြို့တွင် ပြီးခဲ့သည့်စက်တင်ဘာ(၉)ရက်မှစ၍ကျင်းပပြုလုပ်နေလျက်ရှိရာ မြန်မာယူ-၁၉အသင်းသည် ပြီးခဲ့သည့်စက်တင်ဘာ(၁၀)ရက်ကအဖွင့်ပွဲစဉ်အဖြစ် မလေးရှားယူ-၁၉အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာတွင်(၁-၁)ဂိုးဖြင့်သရေကျခဲ့ကြောင်းသိရသည်။ ယင်းပွဲအပြီးပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မလေးရှားယူ-၁၉ အသင်းနည်းပြဖြစ်သူ အမင်နူဒင်ဟူစိန်(Aminuddin Hussin)က ၎င်းတို့အသင်းမှာ ဂိုးရနိုင်သည့်အခွင့်အရေးအများအပြားရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ သရေကျခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမင်နူဒင်ဟူစိန်က "ဒီနေ့ပွဲမှာ ကျွန်တော်တို့အသင်းဟာ ဂိုးရနိုင်တဲ့အခွင့်အရေး(၄၊ ၅)ကြိမ်လောက်ရရှိခဲ့ပေမယ့် (၁)ကြိမ်သာ အသုံးချနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကစားသမားတွေဟာ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့တစ်ဖက်အသင်းကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပွဲပြီးဆုံးချိန်အထိကြိုးစားကစားခဲ့ကြတဲ့ ကျွန်တော့်ကစားသမားတွေရဲ့ စွမ်းဆောင်မှုကို ချီးကျူးလိုပါတယ်"ဟု ပြောကြားခဲ့သည်။ ယင်းပွဲတွင် မြန်မာအသင်းအတွက်ဂိုးကိုမိနစ်(၄၀)တွင် မောင်မောင်စိုးကသွင်းယူခဲ့ပြီး(၈၈)မိနစ်၌ ချေပဂိုးပေးခဲ့ရသည်။



ပထာမလက်ရွေးစင်အမျိုးသမီးလက်ဝှေ့ကစားသမားတစ်ဦး လေ့ကျင့်မှုပြုလုပ်နေစဉ်(ဓာတ်ပုံ - စိုးညွန့်)

## ဆီးဂိမ်းစ်အတွက် လက်ဝှေ့လူရွေးပွဲပြုလုပ်မည်

မြန်မာနိုင်ငံလက်ဝှေ့အားကစားအဖွဲ့ချုပ်သည် လာမည့်ဆီးဂိမ်းစ်အတွက် လူရွေးပွဲအဖြစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား၊ အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို လာမည့်စက်တင်ဘာ(၁၄)ရက်မှ(၁၇)ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အလွတ်တန်းနှင့်သက်ငယ်တန်းဟူ၍ အမျိုးအစား(၂)မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး အလွတ်တန်း၌ အမျိုးသားကီလိုတန်း(၈)တန်း၊ အမျိုးသမီးကီလိုတန်း(၆)တန်း၊ သက်ငယ်တန်း၌ အမျိုးသားကီလိုတန်း(၈)တန်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ပထာမလက်ရွေးစင်အမျိုးသား(၂၆)ဦး၊ အမျိုးသမီး(၁၄)ဦးကို လေ့ကျင့်ပေးနေလျက်ရှိပြီး ယင်းတို့ထဲမှ အပြီးသတ်ကစားသမားများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ရွေးချယ်ခံရသည့် လက်ရွေးစင်ကစားသမားများကို ကာဇက်စတန်နိုင်ငံသို့စေလွှတ်၍ ပူးတွဲလေ့ကျင့်စေမည်ဖြစ်ကြောင်း သိရသည်။

## ဆီးဂိမ်းစ်အကြို အာဆီယံ ဖိတ်ခေါ်ကမ်ပိုပြိုင်ပွဲ ကျင်းပမည်

ဆီးဂိမ်းစ်အကြို အာဆီယံဖိတ်ခေါ်ကမ်ပိုပြိုင်ပွဲကို လာမည့်စက်တင်ဘာ(၁၄၊ ၁၅)ရက်များတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ပြိုင်ပွဲကို အိမ်ရှင်မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ တီမော၊ ကမ္ဘောဒီးယားတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အပြပြိုင်ပွဲ၌ အမျိုးအစား(၆)မျိုး၊ အတိုက်ပြိုင်ပွဲ၌အမျိုးအစား(၄)မျိုးထည့်သွင်းကျင်းပမည်ဖြစ်သည်။

## မြန်မာအမျိုးသားပူဆယ်အသင်း ထိုင်းကလပ်အသင်းများကို ရှုံးနိမ့်

ဆီးဂိမ်းစ်အကြို ပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံသို့သွားရောက်၍ ခြေစမ်းပွဲများကစားနေသည့်မြန်မာအမျိုးသားလက်ရွေးစင်ပူဆယ်အသင်းသည် ထိုင်းပူဆယ်ကလပ်အသင်းများကို ရှုံးနိမ့်ထားကြောင်း သိရသည်။ မြန်မာအမျိုးသားပူဆယ်အသင်းသည် ပြီးခဲ့သည့်စက်တင်ဘာ(၈၊ ၉)ရက်များက ခြေစမ်းပွဲများအဖြစ်ယှဉ်ပြိုင်ကစားခဲ့ရာတွင် ထိုင်းပေ့ါသ်(Thai Port)အသင်းကို(၁-၄)ဂိုး၊ ဘန်ကောက်အသင်းကို(၂-၃)ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာအမျိုးသားပူဆယ်အသင်းသည် လာမည့်စက်တင်ဘာ(၁၅)ရက်အထိ နေထိုင်လေ့ကျင့်သွားမည်ဖြစ်ပြီး နောက်ထပ်ခြေစမ်းပွဲ(၂)ပွဲကစားသွားမည်ဖြစ်ကြောင်း သိရသည်။

## ဆီးဂိမ်းစ်အကြိုအာဆီယံဖိတ်ခေါ် ပီတန်းပြိုင်ပွဲ ကျင်းပမည်

ဆီးဂိမ်းစ်အကြို အာဆီယံဖိတ်ခေါ် ပီတန်းပြိုင်ပွဲကို လာမည့်စက်တင်ဘာ(၁၅၊ ၁၆)ရက်များတွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းနှင့်နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းနှင့်နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကာ ရွှေတံဆိပ်ဆု(၅)ခု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို အိမ်ရှင်မြန်မာ၊ထိုင်း၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာနှင့်ထိုင်းတို့က (က၊ ခ)ဟူ၍ (၂)သင်းစီပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာပီတန်းအားကစားအဖွဲ့ကို ထိုင်းနည်းပြနှစ်ဦးက လေ့ကျင့်သင်ကြားပေးနေကြောင်း သိရသည်။

## ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်း ပြိုင်ပွဲကို မြန်မာဝင်မည်

ထိုင်းဘုရင့်ဖလား ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို လာမည့်စက်တင်ဘာ(၁၆)ရက်မှ(၂၂)ရက်အထိ ဘန်ကောက်မြို့တွင်ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ယင်းပြိုင်ပွဲကို မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် ယင်းပြိုင်ပွဲကို အမျိုးသားကစားသမား(၁၂)ဦး၊ အမျိုးသမီးကစားသမား(၁၂)ဦးတို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသားအဖွဲ့သည် သုံးယောက်တွဲ၊ နှစ်ယောက်တွဲနှင့် ကွင်းသွင်းခြင်းခတ်အမျိုးအစားများကိုလည်းကောင်း၊ အမျိုးသမီးအဖွဲ့သည်သုံးယောက်တွဲ၊ နှစ်ယောက်တွဲ၊ ကွင်းသွင်းခြင်းခတ်နှင့်အသင်းလိုက်အမျိုးအစားများကိုလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

# နောက်တစ်ဆင့်တက်နိုင်မည်ဟု မြန်မာနည်းပြကူမာဒါ ယုံကြည်

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)ကဦးဆောင်၍ ၂၀၁၃ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ(2013 AFF Women's Championship)ကို ပြီးခဲ့သည့်စက်တင်ဘာ(၉)ရက်မှစ၍ ရန်ကုန်မြို့တွင်ကျင်းပပြုလုပ်နေလျက်ရှိရာ ယင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် ဒုတိယပွဲစဉ်အဖြစ် လာမည့်စက်တင်ဘာ(၁၄)ရက်တွင် ဖိလစ်ပိုင်အသင်းနှင့်ကစားရမည်ဖြစ်ကြောင်း သိရသည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ပြီးခဲ့သည့်စက်တင်ဘာ(၁၀) ရက်က လာအိုအမျိုးသမီးအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာတွင်(၅-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ယင်းပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် လာအိုအသင်းကို(၅)ဂိုးပြတ် အနိုင်ရရှိခဲ့သော်လည်း ပထမပိုင်းအပြီးတွင်(၁)ဂိုးသာသွင်းနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာအမျိုးသမီးအသင်း၏ခြေစွမ်းနှင့်ပတ်သက်၍ မီဒီယာများကမေးခွန်းထုတ်ခဲ့ရာ နည်းပြချုပ်ဖြစ်သူ ဂျပန်လူမျိုးကူမာဒါက အဖွင့်ပွဲစဉ်ဖြစ်၍ ကစားသမားများစိုးရိမ်စိတ်လွန်ကဲနေမှုကြောင့်ဟုအကြောင်းပြခဲ့ပြီး နောက်တစ်ဆင့်တက်ရန် သေချာပေါက်ယုံကြည်မှုရှိကြောင်း ပြောကြားခဲ့သည်။

ကူမာဒါက "ပြိုင်ပွဲတစ်ခုရဲ့အဖွင့်ပွဲစဉ်တွေဆိုရင် အခုလိုပဲ ခက်ခဲလေ့ရှိပါတယ်။ ကျွန်တော့်အသင်းဟာ ပထမပိုင်းမှာ လိုအပ်ချက်တွေရှိနေတယ်ဆိုတာ ဝန်ခံပါတယ်။ ဒါကလည်း ကစားသမားတွေစိုးရိမ်စိတ်လွန်ကဲနေလို့ပါ။ ဒုတိယပိုင်းမှာတော့ ပုံစံကောင်းကိုပြသနိုင်ခဲ့ပြီး အနိုင်(၃)မှတ်ကိုရယူနိုင်ခဲ့တာကြောင့် ကျေနပ်မိပါတယ်။ အသင်းရဲ့ကစားပုံဟာ နောက်ပိုင်းပွဲတွေမှာ တဖြည်းဖြည်းနဲ့ပိုမိုကောင်းမွန်လာမယ်လို့ ယုံကြည်ပါတယ်။ အဖွင့်ပွဲဟာ အရေးကြီးသလို လက်ကျန်ပွဲတွေကလည်း အရေးကြီးပါတယ်။ ကျွန်တော်တို့အုပ်စုမှာ အလွန်တောင့်တင်းတဲ့ဂျပန်အသင်းပါဝင်နေပေမယ့် ပွဲတိုင်းကို အနိုင်ရအောင် ကြိုးပမ်းသွားမှာပါ။ အုပ်စုကနေ နောက်တစ်ဆင့်တက်နိုင်လိမ့်မယ်လို့ သေချာ ပေါက်ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲသမိုင်း၌(၂)ကြိမ်(၂၀၀၄၊ ၂၀၀၇)ဗိုလ်စွဲထားကြောင်း သိရသည်။ ထို့အပြင် ပြီးခဲ့သည့် ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်ပြိုင်ပွဲများတွင်လည်း (၂)ကြိမ်ဆက် ဗိုလ်လုပွဲသို့ရောက်ရှိခဲ့ကာ ဒုတိယနေရာများဖြင့် ကျေနပ်ခဲ့ရပြီး ၂၀၁၂ ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်ကို ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

### မြန်မာအမျိုးသမီးအသင်း

*ဂိုး* - မေခင်ယမင်း၊ မြူးငုံ။ *နောက်* - မိုးမိုးဝါ၊ စန်းစန်းမော်၊ မြင့်မြင့်အေး၊ ခင်သန်းဝေ၊ ပူးပွင့်ခိုင်၊ ရွှေစင်အောင်၊ သီတာဦး၊ ဇင်မာဝင်း၊ ဝေဝေအောင်။ *လယ်* - နီလာမြင့်၊ ခင်မိုးဝေ၊ သန်းသန်းထွေး၊ နန်းကြေးငုံ။ *ရှေ့* - ခင်မာလာထွန်း၊ မာဂရက်မေရီ၊ ရီရီဦး၊ နော်အားလိုဝါးဖော၊ မေသူကျော်

### ၂၀၁၃ အာဆီယံအမျိုးသမီးချန်ပီယံရှစ်

| | | | | | |
|---|---|---|---|---|---|
| ၉-၉-၁၃ | ထိုင်း ၀-၀ ဗီယက်နမ် | | | မြန်မာ - ဖိလစ်ပိုင် | |
| | ကျော်ဒန် ၁-၀ မလေးရှား | | ၁၅-၉-၁၃ | ကျော်ဒန် - ဗီယက်နမ် | |
| ၁၀-၉-၁၃ | လာအို ၀-၅ မြန်မာ | | | ထိုင်း - သြစတြေးလျ | |
| | အင်ဒိုနီးရှား ၀-၆ ဖိလစ်ပိုင် | | ၁၆-၉-၁၃ | အင်ဒိုနီးရှား - မြန်မာ | |
| ၁၁-၉-၁၃ | မလေးရှား ၀-၁ သြစတြေးလျ | | | လာအို - ဂျပန် | |
| | ကျော်ဒန် ၀-၄ ထိုင်း | | ၁၇-၉-၁၃ | မလေးရှား - ထိုင်း | |
| ၁၂-၉-၁၃ | ဖိလစ်ပိုင် - ဂျပန် | | | ဗီယက်နမ် - သြစတြေးလျ | |
| | အင်ဒိုနီးရှား - လာအို | | ၁၈-၉-၁၃ | ဖိလစ်ပိုင် - လာအို | |
| ၁၃-၉-၁၃ | သြစတြေးလျ - ကျော်ဒန် | | | မြန်မာ - ဂျပန် | |
| | ဗီယက်နမ် - မလေးရှား | | ၂၀-၉-၁၃ | ဆီမီးဖိုင်နယ် | |
| ၁၄-၉-၁၃ | ဂျပန် - အင်ဒိုနီးရှား | | ၂၂-၉-၁၃ | တတိယလုပွဲ/ဗိုလ်လုပွဲ | |

| အုပ်စု(က) | ပွဲ | နိုင် | သရေ | ရှုံး | ရိုက် | ပေါ့ | ရမှတ် |
|---|---|---|---|---|---|---|---|
| ထိုင်း | ၂ | ၁ | ၁ | ၀ | ၄ | ၀ | ၄ |
| သြစတြေးလျယူ-၁၉ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၃ |
| ကျော်ဒန် | ၂ | ၁ | ၀ | ၁ | ၁ | ၄ | ၃ |
| ဗီယက်နမ် | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| မလေးရှား | ၂ | ၀ | ၀ | ၂ | ၀ | ၂ | ၀ |

| အုပ်စု(ခ) | ပွဲ | နိုင် | သရေ | ရှုံး | ရိုက် | ပေါ့ | ရမှတ် |
|---|---|---|---|---|---|---|---|
| ဖိလစ်ပိုင် | ၁ | ၁ | ၀ | ၀ | ၆ | ၀ | ၃ |
| မြန်မာ | ၁ | ၁ | ၀ | ၀ | ၅ | ၀ | ၃ |
| ဂျပန်ယူ-၂၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| လာအို | ၁ | ၀ | ၀ | ၁ | ၀ | ၅ | ၀ |
| အင်ဒိုနီးရှား | ၁ | ၀ | ၀ | ၁ | ၀ | ၆ | ၀ |



မြန်မာအမျိုးသမီးအသင်းနည်းပြချုပ်ကူမာဒါ(ဓာတ်ပုံ-ညီညီစိုးညွန့်)

Premier Eleven Sports Journal Vol.11 No.5



Photo:http:reddevilwallpaper.blogspot.com

# ရွန်နီ ပြောတဲ့ ပရီးမီးယားလိဂ် ဆယ်နှစ်ခရီး ၁၅

နန္ဒဝန်ငြိမ်းချမ်း

## ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့

ချယ်လ်ဆီးနဲ့ပွဲမကစားခင်မှာ ကျွန်တော့်ခြေထောက်တွေအရမ်းနာကျင်နေတယ်။ ကျွန်တော်တစ်ဦးတည်းမဟုတ်ပါဘူး။ ဗီဒစ်လည်း ဒဏ်ရာပြဿနာရှိတယ်။ ချယ်လ်ဆီးနဲ့ကစားတော့ ပထမပိုင်းမှာပဲ သူပြန်နာပြီး လူစားလဲခံလိုက်ရတယ်။ ပထမပိုင်းပြီးခါနီးမှာ ချယ်လ်ဆီးက ဦးဆောင်ဂိုးသွင်းလိုက်တယ်။ ဒါပေမဲ့ (၅၇)မိနစ်မှာ ကာဗယ်လ်ဟိုရဲ့ အမှားကနေ တံခါးအသေပိတ်ထားတဲ့ သူတို့ခံစစ်ကြောင်းကို ကျွန်တော်ချေပဂိုးတစ်ဂိုးပြန်သွင်းလိုက်တယ်။ သရေရလဒ်ကို ကျွန်တော်တို့ တည်ကစားနေပေမဲ့ ချယ်လ်ဆီးရဲ့ ဖိအားပေးမှုတွေကို ကျွန်တော်တို့ ရေရှည်တောင့်မခံနိုင်ခဲ့ဘူး။ ဘာစီလိုနာကွင်းမှာ ကျွန်တော်တို့ အရမ်းပင်ပန်းခဲ့တယ်။ အခုလည်း အင်္ဂလန်က အကောင်းဆုံးစာရင်းဝင်အသင်းတစ်သင်းကို ကျွန်တော်တို့ ရင်ဆိုင်နေရတယ်။ ကျွန်တော်ကိုယ်တိုင် နာကျင်မောပန်းနေသလို၊ အသင်းဖော်တွေလည်း ပင်ပန်းနေကြပြီ။ အဲဒီပွဲမှာ ကျွန်တော်တို့ (၂-၁)ဂိုးနဲ့ ရှုံးခဲ့တယ်၊ အဓိပ္ပာယ်က ကျွန်တော်တို့ ချန်ပီယံဖလားကိုဆက်ထိန်းဖို့လက်ကျန်(၂)ပွဲစလုံးကို အနိုင်ကစားရတော့မယ်။ ပွဲပြီးတော့ မန်နေဂျာကြီးက "ဝိန်း၊ မင်း ဘာကာနဲ့ပွဲကို ကစားဖို့မဖြစ်နိုင်တော့ဘူး"လို့ ပြောတယ်။

ရက်အနည်းငယ်အကြာမှာပဲ အိုးလ်ထရက်ဖို့ဒ်မှာ ကျွန်တော်တို့ ဘာကာကိုရင်ဆိုင်ရတယ်။ ပေါလ်စခိုးလ်က (၂၅)ကိုက်အကွာက ဂရိတ်ဂိုးတစ်ဂိုးကို အရင်သွင်းလိုက်တယ်။ ဒါပေမဲ့ တခဏအတွင်းမှာပဲ ပွဲက တစ်ဖက်သတ်ပွဲဖြစ်သွားတယ်။ ဘာစီလိုနာက တိုက်စစ်၊ ကျွန်တော်တို့အသင်းကခံစစ်။ မြင်ရတွေ့ရတာ ရင်တုန်စရာပဲ။ တစ်ချိန်လုံးသူတို့ပဲ ဘောလုံးရနေတယ်။ သူတို့ဂိုးသွင်းလိုက်မှာကို ကျွန်တော်အရမ်းစိုးရိမ်နေတယ်။ မက်ဆီအခွင့်အရေးရတယ်၊ အင်နီယေစတာအခွင့်အရေးရတယ်။ ပွဲပြီးခါနီးမှာ အွန်နရီအပိုင်ခေါင်းတိုက်ရတယ်။ မဝင်ဘူး။ တဖြည်းဖြည်းနဲ့ ဘောလုံးမှာ ပရိသတ်က ဘယ်လောက်အရေးကြီးသလဲဆိုတာကျွန်တော်သဘောပေါက်လာတယ်။ ယူနိုက်တက်ပရိသတ်တွေက အသင်းကို သူတို့တတ်နိုင်သလောက် အစွမ်းကုန်ကူညီနေတယ်။ အားပေးနေတယ်။ သူတို့ပေးတဲ့အားတွေက ကွင်းထဲကကစားသမားတွေကို မာန်ဟုန်ပြင်းလာစေတယ်။ တဖြည်းဖြည်းပွဲချိန်ပြည့်ဖို့နီးလာပြီး နောက်ဆုံးမှာ ပွဲသိမ်းခရာမှုတ်လိုက်တယ်။ ကျွန်တော်ထခုန်လိုက်တယ်။ ကျွန်တော်တို့ ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်သွားပြီ။ ကလပ်အသင်းဘောလုံးလောကရဲ့ အခမ်းနားဆုံးပြိုင်ပွဲမှာ ဗိုလ်လုပွဲရောက်သွားပြီ။

ပရီးမီးယားလိဂ်ရာသီရဲ့ ဘိတ်ရှေ့ပွဲမှာကျွန်တော်တို့ ဝက်စ်ဟမ်းကိုအနိုင်ရလိုက်တယ်။ ရာသီပိတ်ပွဲမှာ ဝီဂန်ကိုနိုင်ရင်ချန်ပီယံဖြစ်ပြီ။ ကျွန်တော်တို့က အမှတ်ဝက်တန်ဖိုးရှိတဲ့ ဂိုးကွာခြားမှုအပိုင်းမှာ ချယ်လ်ဆီးကိုအသာရထားတယ်။ ဝီဂန်နဲ့ပွဲက ကျွန်တော်တို့အတွက် ဗိုလ်လုပွဲပဲ၊ ကျွန်တော်တို့ က သရေ၊ ဒါမှမဟုတ် ရှုံးပြီး ချယ်လ်ဆီးက ဘော်လ်တန်ကိုနိုင်ရင်သူတို့ချန်ပီယံဖြစ်မှာ။ အသင်းမှာရှိတဲ့ကစားသမားတိုင်းစိတ်လှုပ်ရှားနေကြတယ်။ ဒီပွဲကိုပဲ အားလုံးကခေါင်းထဲကို ထည့်ထားတယ်။ ပွဲကစားတော့ ပထမပိုင်းမပြီးခင်မှာပဲ စီရော်နယ်လ်ဒိုက ပယ်နယ်တီကနေဦးဆောင်ဂိုးသွင်းလိုက်တယ်။ ကျွန်တော်တို့အားလုံးကို ချယ်လ်ဆီးပွဲရလဒ်ပေးမသိဘူး။ မန်နေဂျာကြီးက မှာထားတာပါ။ ကိုယ့်အလုပ်ကိုယ်အကောင်းဆုံးလုပ်ဖို့ပဲ ကျွန်တော်အာရုံစိုက်ထားရတယ်။ မိနစ်(၈၀)မှာ ဂစ်က ဒုတိယဂိုးထပ်သွင်းလိုက်တယ်။ ကျွန်တော်တို့နိုင်သွားပြီ။ ဒီရာသီရဲ့ ချန်ပီယံဖြစ်သွားပြီ။

ပွဲပြီးတော့ အဝတ်လဲခန်းထဲမှာ ကျွန်တော်တို့ အောင်ပွဲခံကြတယ်။ အခန်းထဲမှာ ရှန်ပိန်ပုလင်းတွေဖောက်ကြတယ်။ ကျွန်တော်က မန်နေဂျာကြီးကိုသွားမေးလိုက်တယ်။ "ချယ်လ်ဆီးရှုံးသွားသလား"။ သူကရယ်တယ်။ ကျွန်တော့်ခေါင်းကိုပွတ်သပ်လိုက်ပြီး "ဖလားက ငါတို့ဆီရောက်နေပြီပဲ။ မင်းဘာလုပ်မလို့လဲ"လို့မေးတယ်။ သူတို့အသင်းက (၁-၁)ဂိုးစီသရေကျခဲ့ပါတယ်။

ကွင်းထဲမှာကျွန်တော်တို့ ပရိသတ်တွေကို လိုက်နှုတ်ဆက်ပါတယ်။ ကျွန်တော်တို့အသင်းရဲ့ အလံတွေက ကွင်းထဲမှာဝေ့ဝဲနေပါတယ်။ ကျွန်တော် ၂၀၀၂ ခုနှစ်ကစပြီး အဲဒီဟာတန်အတွက်ကစားခဲ့တာပါ။ ယူနိုက်တက်ရဲ့ ပရီးမီးယားလိဂ်အောင်မြင်မှုတွေကို မြင်တွေ့ခဲ့ဖူးတယ်။ အခုတော့ ကျွန်တော်ကိုယ်တိုင် ဒီအရသာကို ခံစားနေရပြီ။ ဒီလိုနေ့မျိုးက ကျွန်တော့်ဘဝမှာ လိုအပ်နေတဲ့ နေ့မျိုးဖြစ်ပါတယ်။ ဒုတိယအကြိမ်ဖြစ်နေတာတောင် ဒီခံစားမှုက မရိုးနိုင်ပါဘူး။

ဝီဂန်အသင်းရဲ့ JJB ကွင်းထဲမှာ ယူနိုက်တက်ပရိသတ်က ထောင်ဂဏန်းပဲရှိမှာပါ။ ဒါပေမဲ့သူတို့ရဲ့ အသံတွေကအရမ်းကျယ်နေတယ်။ စခိုလ်း၊ ဂစ်နဲ့စီရော်နယ်လ်ဒိုတို့က ပရိသတ်တွေကြားထဲမှာ။ ဝီဂန်ကိုနိုင်ခဲ့တာဟာ ချယ်လ်ဆီးကိုလည်း နိုင်ခဲ့တာပဲဖြစ်တယ်။ ကျန်အသင်းအားလုံးကိုလည်း အနိုင်ရလိုက်တာဖြစ်ပါတယ်။

ညကျတော့ ကျွန်တော်တို့ အောင်ပွဲခံကြတယ်။ ဒီနှစ်တော့ မနှစ်ကလို မန်ချက်စတာမြို့က ကလပ်တစ်ခုခုကိုကျွန်တော်တို့မရွေးတော့ဘူး။ ကစားသမားတွေ၊ မိန်းမတွေ၊ ချစ်သူတွေနဲ့အတူ ဘားဆိုင်တစ်ခုမှာ တွေ့ဖို့ချိန်းလိုက်တယ်။ အားလုံးသောက်စားမူးယစ်ခဲ့ကြတယ်။ ပျော်စရာလည်းကောင်းတယ်။ ကျွန်တော်တို့ရဲ့ မိန်းမတွေ၊ ချစ်သူတွေကလည်းအောင်မြင်မှုရဲ့ အရှိန်ကိုခံစားကြရတယ်။ သူတို့လည်း အောင်ပွဲခံကြတယ်။

ကျွန်တော်တို့အတွက် နောက်ထပ်ရည်မှန်းချက်တစ်ခုရှိသေးတယ်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲပါ။ ကျွန်တော်တို့ အဓိကဖလား(၂)လုံးကို ရယူချင်တယ်။ ပြိုင်ဘက်ကလည်း ကျွန်တော်တို့ရဲ့ မဟာပြိုင်ဘက်တစ်သင်းဖြစ်တဲ့ ချယ်လ်ဆီးပဲ ဖြစ်နေတယ်။ သူတို့က ဆီမီးဖိုင်နယ်မှာ လီဗာပူးလ်အသင်းကို ကျော်ဖြတ်လာခဲ့တာပါ။ ကျွန်တော်က အဲဒီညမှာ ဘီယာတစ်ခွက်ပဲသောက်လိုက်တယ်။ အပျော်လွန်နေကြသူတွေရဲ့ အပြင်ဘက်မှာ ကျွန်တော်နဲ့ ကာရစ်က တိတ်တိတ်ဆိတ်ဆိတ်လေးရှိတဲ့ ဝိုင်းတစ်ဝိုင်းမှာ ထိုင်နေကြတယ်။ မိုက်ကရိုဖုန်းကနေဖာဒီနန်အော်နေတဲ့ "ချန်ပီယံ . . ချန်ပီယံ . . အိုလေး . အိုလေး . အိုလေး . . ." ဆိုတဲ့အသံကို နားထောင်နေရင်း တစ်ခါ တစ်ခါ လိုက်ညီးတယ်။ ပြီးတော့ ကာရစ်နဲ့ကျွန်တော် ချန်ပီယံလိဂ်ဗိုလ်လုပွဲအကြောင်းပြောကြတယ်။

ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ရုရှားနိုင်ငံ၊ မော်စကိုမြို့က လုဇ်နီကီကွင်းမှာကစားရမှာပါ။ ဒီကွင်းမှာ ကျွန်တော်တို့ပဲ အောင်ပွဲခံချင်တယ်။ ချယ်လ်ဆီးကို ဘယ်လိုအခွင့်အရေးမှ မပေးချင်ဘူး။ ဒါဟာ မျှတတယ်မဟုတ်လား။ ကျွန်တော်တို့ တစ်ရာသီလုံး ကြိုးစားလာတာ ဒီပွဲတွေနဲ့ ဒီအောင်မြင်မှုတွေအတွက်ပဲ မဟုတ်လား။

ချန်ပီယံလိဂ်ဗိုလ်လုပွဲကစားရမယ်ဆိုတဲ့ အတွေ့အကြုံကို ကျွန်တော်ပထမဆုံးခံစားဖူးတာပါ။ အရမ်းထူးခြားပြီး ဆန်းကျယ်တယ်။ ဘာစီလိုနာနဲ့ ဆီမီးဖိုင်နယ်ပွဲမကစားခင်က ခံစားမှုမျိုးထက် အဆပေါင်းများစွာ ပြင်းထန်တယ်။ တုန်လှုပ်မှုနဲ့ စိတ်လှုပ်ရှားမှုကို ယှဉ်တွဲခံစားနေရတယ်။ အားလုံးက ဗိုလ်လုပွဲမတိုင်ခင်မှာ ဒီပွဲအကြောင်းပဲပြောနေကြတယ်။ ကျွန်တော်လေ့ကျင့်ရေးကွင်းကိုရောက်တိုင်း ၁၉၉၉ ပုံပြင်ကို နားထောင်ရတယ်။ အဲဒီပွဲမှာဝင်ကစားခဲ့တဲ့ ဂယ်ရီနဗီးလ်နဲ့ ဂစ်တို့က နောက်ဆုံးမိနစ်ရောက်မှ ဘေယန်မြူးနစ်ဆီကနိုးယူလိုက်တဲ့ ဖလားအကြောင်းကိုစားမြုံ့ပြန်ကြတယ်။ အဲဒီပွဲမှာ နောက်ဆုံးအနိုင်ဂိုးသွင်းတဲ့ အိုလေဂန်နာ(ဆိုးလ်ရှား)နဲ့ ကျွန်တော်စကားပြောတယ်။ သူက အသင်းက တိုက်စစ်မှူးတွေနဲ့အတူ အိုးလ်ထရက်ဖို့ဒ်မှာ လာလေ့ကျင့်ပေးနေတယ်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲရဲ့ ဝန်းကျင်အခြေအနေနဲ့ စိတ်လှုပ်ရှားစရာခံစားမှုတွေကို သူက ကျွန်တော့်ကိုပြောပြတယ်။

ပွဲနီးတဲ့အချိန်မှာ မန်ယူTV က ချေပဂိုးရှင် တက်ဒီရှရင်ဂမ်နဲ့ အင်တာဗျူးလုပ်တယ်။ ဒုတိယပိုင်းအတွက် အဝတ်လဲခန်းထဲက ပြန်ထွက်လာခါနီးမှာ မန်နေဂျာကြီးက အားလုံးကို ကွင်းထဲမောင်းထုတ်တဲ့အကြောင်းကို ပြန်ပြောပြတယ်။ "မင်းတို့ ကွင်းထဲရောက်တာနဲ့ ချန်ပီယံဖလားကို ပြန်ယူဖို့အတွက် ဘာမဆိုလုပ်ရမယ်" ဆိုတဲ့ စကားကသူအမှတ်ရကြောင်းပြောတယ်။ နောက်(၄၅)မိနစ်ပဲ ကျန်ရှိတော့တဲ့အချိန်ဟာ အားလုံးအတွက် သမိုင်းမှတ်တိုင်ဖြစ်နေတယ်ဆိုတာကို မမေ့ကြဖို့ မန်နေဂျာကြီးက သတိပေးခဲ့တယ်။ဖာဂူဆန်ရဲ့ နောက်ထပ်အရည်အချင်းတစ်ခုက စေ့စော်မှုပါ။ သူက တိုက်ပွဲတစ်ပွဲကို စကားလုံးတွေနဲ့ ထုဆစ်တယ်။ တွန်းအားပေးတယ်။ နိုင်စိတ်ဝင်လာအောင် ပုံဖော်ပေးတယ်။ သူ့ရဲ့စကားလုံးတွေကို ကြားရတာ ကျွန်တော်တို့အတွက် ခွန်အားတွေဖြစ်စေတယ်။

ဒီတစ်ပတ်တော့ ကျွန်တော်တို့တစ်တိုင်းပြည်လုံး စိတ်လှုပ်ရှားနေကြတယ်။ ဒီပွဲက အင်္ဂလိပ်အသင်း(၂)သင်းရဲ့ ဗိုလ်လုပွဲဖြစ်နေတယ်။ "မန်ချက်စတာယူနိုက်တက် Vs ချယ်လ်ဆီး"။ ပွဲမကစားခင် တစ်ရက်အလိုမှာ မော်စကိုကို ကျွန်တော်တို့ ထွက်ခွာလာခဲ့တယ်။ မန်နေဂျာကြီးက မော်စကိုကိုမသွားခင် ၁၉၉၉ ချန်ပီယံလိဂ် ဗိုလ်လုပွဲ DVD ကိုပြပြီး အမှားနဲ့ အမှန်တွေကို ပိုင်းခြားပြတယ်။ အဲဒီအချိန်တုန်းက ကျွန်တော့်အသက်က (၁၃)နှစ်ပဲရှိသေးတယ်။ ဒီပွဲကို Crocky မှာရှိတဲ့ ကျွန်တော်တို့အိမ်မှာ အဖေ၊ အမေတို့နဲ့အတူကြည့်ခဲ့ရတယ်။ အခုတော့ ကျွန်တော်ကိုယ်တိုင်ကစားရတော့မယ်။

မန်နေဂျာကြီးက ဒီခွေကြည့်ပြီးတော့ အားလုံးကို စကားပြောတယ်။ "ဒီပွဲက ငါတို့အသင်းရဲ့ သမိုင်းပဲ"။ အဲဒီအချိန်မှာ TV ကမြင်ကွင်းတွေမှာ ဘက်ခမ်က ချန်ပီယံဖလားကိုကိုင်ပြီး လှည့်လည်အောင်ပွဲခံနေတာကိုပြနေတယ်။ "ငါတို့အသင်းဟာ ဘယ်တော့မှ လက်မြှောက်အရှုံးပေးတတ်တဲ့အသင်းမဟုတ်ဘူးဆိုတာ ဒီပွဲက သက်သေပြလိုက်တယ်"။ ပြီးတော့ သူက TV ကိုကြည့်ပြီး "မင်းတို့ထဲမှာ ဘက်ခမ်လိုစွမ်းဆောင်ပြမှာဘယ်သူလဲ"လို့ မေးတယ်။ "အားလုံးဆီမှာ ဒီလိုစွမ်းဆောင်ရည်ရှိနေရင် မင်းတို့လည်း သမိုင်းသစ်ရေးထိုးနိုင်လိမ့်မယ်"လို့ ပြောတယ်။

နောက်ထပ်မြင်ကွင်းတွေမှာ ရှရင်ဂမ်၊ ဒေးဗစ်မေနဲ့ ရှမိုက်ကယ်တို့က အကြီးအကျယ်အောင်ပွဲခံနေပြီး၊ ဘေယန်မြူးနစ်ကစားသမားတွေက မြက်ခင်းပြင်ပေါ်မှာ ထိုင်နေကြတယ်။ ပွဲပယ်ခံခဲ့ရတဲ့ ပေါလ်စခိုးလ်နဲ့ ရွိုင်ကင်းတို့က အသင်းဝတ်စုံပြည့်နဲ့ ခုန်ပေါက်နေကြတယ်။ သူတို့(၂)ယောက်က ဖလားကို ဟိုဘက်ဒီဘက်ကိုင်ထားတယ်။ မန်နေဂျာကြီးက နောက်ဆုံးစကားကိုပြောတယ်။ "ချယ်လ်ဆီးက ဦးဆောင်နေတယ်ဆိုရင်တောင် မင်းတို့ နောက်ဆုံးအချိန်အထိ လက်မမြှောက်နဲ့။ မင်းတို့ ခေါင်းထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားရမှာက အခွင့်အရေးကောင်းတွေဖန်တီးနိုင်သရွေ့ နိုင်ဖို့အခွင့်အရေးရှိနေတယ်ဆိုတာပဲ"။ ပြီးတော့ သူအခန်းထဲကထွက်သွားတယ်။

ဆက်လက်ဖော်ပြပါမည်။

Premier ELEVEN SPORTS JOURNAL

SUPPLEMENT                                        အ ချ င် ဒို

# ရီးယဲယ်အသင်းနှင့်ဘေးလ် လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့ပြီး အသင်း၏ တတိယမြောက်ဝတ်စုံမိတ်ဆက်ပွဲတွင် ပါဝင်ပြသခဲ့

ရီးယဲယ်အသင်း၏ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးရှင် တောင်ပံကစားသမားဘေးလ်သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က အသင်း၏လေ့ကျင့်ရေးကွင်းသို့ စတင်ရောက်ရှိလာခဲ့ပြီး အသင်းဖော်များနှင့်လေ့ကျင့်မှု စတင်ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ဘေးလ်သည် လေ့ကျင့်ရေးကွင်းအတွင်းမဝင်မီ ကားပါကင်၌ စီရော်နယ်လ်ဒိုနှင့် ဦးစွာတွေ့ဆုံခဲ့ပြီး စီရော်နယ်လ်ဒိုက ၎င်းအား နွေးထွေးစွာကြိုဆိုခဲ့သည့်အပြင် အသင်းဖော်များကလည်း လှိုက်လှဲစွာကြိုဆိုခဲ့ကြကြောင်းလည်း စပိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ ဘေးလ်က မိမိအနေဖြင့် ဝေးလ်လက်ရွေးစင်အသင်းတွင်ရော ရီးယဲယ်အသင်းတွင်ပါ လေ့ကျင့်မှုများပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ကြံ့ခိုင်မှုအပေါ် ကျေနပ်မှုရှိကြောင်း၊ မည်သည့်နေရာတွင် ကစားရသည်ဖြစ်စေ အကောင်းဆုံးကစားနိုင်မည်ဟု နည်းပြကို ပြောကြားခဲ့ကြောင်း၊ စီရော်နယ်လ်ဒို၏ ကြိုဆိုမှုအတွက် အံ့အားသင့်လောက်အောင်ဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဘေးလ်သည် ကြာသပတေးနေ့ကပြုလုပ်ခဲ့သည့် ရီးယဲယ်အသင်း၏ လိမ္မော်ရောင်တတိယမြောက်ဝတ်စုံ (ချန်ပီယံလိဂ်အဝေးကွင်းဝတ်စုံ) မိတ်ဆက်ပြသသည့် အခမ်းအနားတွင်လည်း မာဆယ်လို၊ ဘန်ဇီမာတို့နှင့်အတူ ပါဝင်ခဲ့သည်။ ဘေးလ်သည် လာမည့်ဗီလာရီးယဲယ်နှင့်ပွဲတွင် ရီးယဲယ်အသင်း၌ မာဆယ်လိုနှင့် ကွန်ထရာအိုတို့၏ ဒဏ်ရာပြဿနာများကြောင့် ဘယ်နောက်ခံလူအဖြစ် ပွဲထွက်ရဖွယ်ရှိနေကြောင်းလည်း မီဒီယာအချို့က ဖော်ပြခဲ့ကြသည်။





## ရက်ပိုင်းအတွင်း စီရော်နယ်လ်ဒိုနှင့် ရီးယဲယ်သက်တမ်းတိုးမည်

ရီးယဲယ်အသင်းသည် အဓိကကစားသမားတစ်ဦးဖြစ်သည့် စီရော်နယ်လ်ဒိုကို လာမည့်ရက်ပိုင်းအတွင်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အသင်း၏အတွင်းလူတစ်ဦးကပြောကြားခဲ့သည်ဟု AS သတင်းစာမှ ဖော်ပြခဲ့သည်။ နှစ်ဦးနှစ်ဖက်သဘောတူညီမှုရရှိထားခဲ့ပြီဖြစ်ပြီး စီရော်နယ်လ်ဒို ပေါ်တူဂီအသင်းမှ ပြန်လာချိန်ကို စောင့်နေရခြင်းသာဖြစ်ကြောင်း၊ စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ်အထိရှိမည်ဖြစ်ကြောင်းလည်း ဖော်ပြခဲ့သည်။

## သောကြာနေ့နံနက်ပိုင်းသတင်းများ

- ချက်နှင့် ဆလိုဗက်ကီးယားနိုင်ငံတို့တွင် ဘောလုံးလုပ်ပွဲခြစားမှုများပေါ်ပေါက်ခဲ့ရာ နှစ်နိုင်ငံမှကစားသမားစုစုပေါင်း(၁၉)ဦးအားဖမ်းဆီးအရေးယူခဲ့ကြောင်းသိရသည်။
- ဘရာဇီးလ်နောက်ခံလူ အဲလ်ဗတ်စ်က တိုက်စစ်မှူးနေမာသည် ဘုရားသခင်ကမွေးဖွားပေးလိုက်သူဟု ချီးကျူးပြောဆိုခဲ့သည်။
- အက်သလက်တီကိုမက်ဒရစ်အသင်းသည် နောက်ခံလူဟွမ်ဖရန်အား ၂၀၁၇ ခုနှစ်ထိရှိမည့် စာချုပ်သစ်ချုပ်ဆိုခဲ့သည်။
- အိုင်ဗရီကို့စ်နိုင်ငံသည် ၂၀၁၉(သို့မဟုတ်)၂၀၂၁တွင် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲအတွက် အိမ်ရှင်ပြုလုပ်သွားမည်ဖြစ်ကြောင်း အိုင်ဗရီကို့စ်အစိုးရကသတင်းထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းသည် ဂျပန်ကျန်းမာရေးစားသောက်ကုန်ကုမ္ပဏီ(Manda Fermentation)နှင့် (၅)နှစ်စာ စပွန်ဆာစာချုပ်ချုပ်ဆိုရန်သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။
- အေစီမီလန်ကွင်းလယ်လူ အန်ဒရေပိုလီက ကာကာသည်အေစီမီလန်အသင်းအတွက်အောင်မြင်မှုများပြန်လည်ဆောင်ကြဉ်းပေးနိုင်မည့်ခေါင်းဆောင်ကောင်းဖြစ်သည်ဟုချီးကျူးပြောဆိုခဲ့သည်။
- ဘာစီလိုနာတိုက်စစ်မှူးမက်ဆီက ဘေယန်မြူးနစ်ကွင်းလယ်လူ ရီဘာရီသာလျှင် ဥရောပအကောင်းဆုံးကစားသမားတစ်ယောက်ဖြစ်သင့်သည်ဟု ပြောဆိုခဲ့သည်။

## စက်တင်ဘာလ၏ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကို ဖီဖာထုတ်ပြန်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)သည် စက်တင်ဘာလအတွက်ကမ္ဘာ့အဆင့်သတ်ချက်များကိုထုတ်ပြန်ခဲ့ကြောင်းသိရသည်။ အဆိုပါထုတ်ပြန်ချက်အရ ကမ္ဘာ့အဆင့်(၁)နေရာတွင်စပိန်အသင်းက ဆက်လက်ရပ်တည်လျက်ရှိပြီး အာဂျင်တီးနား၊ ဂျာမနီ၊ အီတလီ၊ ကိုလံဘီယာအသင်းတို့ကအစဉ်လိုက်ရပ်တည်နေသည်။ နာမည်ကြီးအင်္ဂလန်အသင်းမှာမူ အဆင့်(၁၇)ထိကျဆင်းသွားပြီး ပြင်သစ်အသင်းမှာလည်း အဆင့်(၂၅)ထိကျဆင်းသွားခဲ့ကြောင်းသိရသည်။ မြန်မာအသင်းသည် အဆင့်(၃)ဆင့်တက်လာကာ ကမ္ဘာ့အဆင့်(၁၆၂)၊ အာရှအဆင့်(၃၁)၊ အာဆီယံအဆင့်(၆)တွင်ရပ်တည်နေကြောင်းသိရသည်။

## ကိတ်ဗာဒီအသင်းအား ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များမှ ဖီဖာထုတ်ပယ်

ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီ(FIFADC)သည် ကိတ်ဗာဒီအသင်းအား ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များမှ ထုတ်ပယ်ခဲ့ကြောင်းသိရသည်။ (အာဖရိကဇုန်) အုပ်စု(ခ)ပွဲစဉ်တစ်ပွဲဖြစ်သည့် ကိတ်ဗာဒီအသင်းက တူနီးရှားအသင်းအား(၂-၀) ဂိုးဖြင့်အနိုင်ရရှိခဲ့သောပွဲစဉ်တွင် တရားမဝင်ကစားသမားတစ်ဦးကိုထည့်သွင်းကစားစေခဲ့သောကြောင့် ကိတ်ဗာဒီအသင်းအား ယင်းသို့ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် တူနီးရှားအသင်းအား(၃-၀)ဂိုးဖြင့်အနိုင်ပေးခဲ့ရာ တတိယအဆင့်(ရှုံးထွက်)သို့ တူနီးရှားအသင်းကတက်ရောက်နိုင်ခဲ့သည်။

## ဥက္ကဋ္ဌဂရက်ဒိုက်၏ အဆိုပြုချက်အား ကလပ်အသင်းများထောက်ခံ

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)ဥက္ကဋ္ဌ ဂရက်ဒိုက်သည် ပရီးမီးယားကလပ်အသင်းများတွင်အင်္ဂလိပ်ကစားသမားနည်းပါးလာမှုကို အဖြေရှာဖြေရှင်းနိုင်ရန်အတွက် ကော်မရှင်တစ်ခုကိုတည်ထောင်သင့်ကြောင်းအဆိုပြုခဲ့ရာ ယင်းအဆိုပြုချက်ကို လက်ရှိယှဉ်ပြိုင်နေသည့် ပရီးမီးယားကလပ်အသင်း(၂၀)စလုံးကသဘောတူကြောင်းထောက်ခံခဲ့သည်။ ဂရက်ဒိုက်သည် အသင်းဥက္ကဋ္ဌများနှင့် အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကော်မရှင်၏လုပ်ငန်းတာဝန်များကိုလည်း ထောက်ပံ့ကူညီသွားရန်သဘောတူညီမှုများရရှိခဲ့ကြောင်းသိရသည်။

# မက်ဒရစ်တွင် ပရော်ဖက်ရှင်နယ်ပီသစွာပြုမူနေထိုင်ခဲ့ခြင်းမရှိဟူသည့် ပီရက်ဇ်၏ပြောကြားမှုအတွက် အိုဇေးလ်၏ဖခင် တရားစွဲဆိုသွားရန်စီစဉ်



ရီးယဲယ်အသင်းမှ အာဆင်နယ်အသင်းသို့ ရောက်ရှိလာသည့် ဂျာမန်ကွင်းလယ်ကစားသမား မူဆတ်အိုဆေးလ်၏ဖခင်ဖြစ်သူသည် ၎င်း၏သားအပေါ် ရီးယဲယ်ဥက္ကဋ္ဌပီရက်ဇ်၏ စွပ်စွဲပြောကြားမှုအတွက် တရားစွဲဆိုသွားရန် စီစဉ်နေကြောင်း သိရှိရသည်။

ပီရက်ဇ်က အိုဖေးလ်ကို ရောင်းထုတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ပြောကြားရာ၌ အိုဖေးလ်သည် ရီးယဲယ်တွင် ရှိနေစဉ်အတွင်း ပရော်ဖက်ရှင်နယ်ပီသစွာ ပြုမူနေထိုင်ခဲ့ခြင်းမရှိကြောင်း၊ မက်ဒရစ်မြို့၏ညကာလများတွင် မိန်းမများနှင့် လှည့်လည်ပျော်ပါးနေလေ့ရှိသူဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အိုဇေးလ်၏ဖခင်ဖြစ်သည့်အပြင် အေးဂျင့်အဖြစ်လည်း ဆောင်ရွက်နေသည့် မူစတာဖာအိုဇေးလ်က ပီရက်ဇ်၏ စွဲချက်များမှာ အခြေမမြစ်မရှိကြောင်း တုံ့ပြန်ခဲ့ပြီး ယင်းကဲ့သို့ပြောကြားခဲ့ခြင်းကို တရားစွဲဆိုသွားမည်ဟု ဆိုခဲ့သည်။ မူစတာဖာက "ပီရက်ဇ်ဟာ လူကြီးလူကောင်းမပီသသူပါပဲ။ အိုဇေးလ်အနေနဲ့ မက်ဒရစ်မှာ ပရော်ဖက်ရှင်နယ်လို မကျင့်ကြံခဲ့ဘူးဆိုရင် ရီးယဲယ်အတွက် ပွဲတွေအမြဲကစားနေရမှာမဟုတ်ပါဘူး။ အခုစွဲချက်က ပရိသတ်တွေ၊ အသင်းဖော်တွေရဲ့ ဒေါသအတွက် အရှက်ပြေကာကွယ်ရုံသက်သက်ပါ" ဟုပြောကြားခဲ့သည်။ အာဆင်နယ်အသင်းနှင့် စတင်ပူးပေါင်းနေပြီဖြစ်သည့် အိုဇေးလ်သည် လာမည့်ဆန်းဒါးလန်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပွဲထွက်ခွင့်ရရန် သေချာနေကြောင်း သိရှိရသည်။

